ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (9-6-2005)(၄၆၂၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံရည်သွန်းလောင်းနေမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း မန္တလေးစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့် ခေတ်မီ သံရည်ကျိုစက်ရုံ စီမံကိန်း သံရည်ကျိုစက် အမှတ်(၂)၌ သံရည် သွန်းလောင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ပံ့ပိုးကူညီမှုအပေါ် တစ်ဖက်သတ် မှီခိုနေ၍မဖြစ် ကိုယ့်လက်ကိုယ့်ခြေဖြင့် ပိုင်ပိုင်နိုင်နိုင် လွတ်လွတ်လပ်လပ်တွေးခေါ်လုပ်ကိုင်

လုပ်ငန်းရှင်များ၏ ကျွမ်းကျင်မှု၊ အရင်းအနှီး၊ ညီညွတ်မှုအရ လုပ်ငန်းများ တိုးတက်အောင်မြင်ရန် အလားအလာရှိပြီးဖြစ်

ရန်ကုန် ဇွန် ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ဒုဋ္ဌဝတီတံတား(နောင်ချို) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ရဟတ်ယာဉ်ဖြင့် မန္တလေးမြို့ မန္တလေးစက်မှုဇုန်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မန္တလေးစက်မှုဇုန်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မန္တလေးစက်မှုဇုန်၌တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျိုစက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့သွားရောက်ကြပြီး ရှေးဦးစွာ Foundry Shop အလုပ်ရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Foundry Shop အလုပ်ရုံ၌ စက်ပစ္စည်းများရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှုနှင့် စက်အလိုက်ထုတ်လုပ်မှုနည်းစဉ်များကို စက်ရုံမှူး ဦးခင်မောင်စိုးက ရှင်းလင်းတင်ပြသည်။

ထို့နောက် Sand Mixer နှင့် Sand Mixer ၏လုပ်ငန်းဆောင်ရွက်နိုင်မှုများကို လည်းကောင်း၊ သဲဖြင့် ရေခရူများ မိုလောင်းထားမှုကို လည်းကောင်း၊ ပုံစံသွန်းလောင်းပြီးသည့် ရေခရူများမှ သဲများသန့်စင်ခါထုတ်ခြင်း ဆောင်ရွက်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

သံရည်ကျိုမှုကြည့်ရှု

ဆက်လက်၍ သံရည်ကျိုစက်အမှတ်(၂)၌ သံရည်စမ်းသပ်ကျိုချက်မှုနှင့် သံရည်သွန်းလောင်းနေမှုများ၊ သဲသန့်စင်စက် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ရည်မှန်းချက် မြင့်မြင့်မားမားထားရန်လို

ယခုလက်ရှိ ခေတ်မီ စက်ကိရိယာ လောက်ဖြင့်ပင် အားရတင်းတိမ်နေ၍ မဖြစ်ဘဲ အလိုအလျောက် စက်ကိရိယာများ တိုးချဲ့တပ်ဆင်နိုင်အောင်၊ အနုစိတ် စက်ပစ္စည်းများ ထုတ်လုပ်နိုင်အောင်၊ တစ်နည်းအားဖြင့် အီလက်ထရောနစ် စက်ကိရိယာများ သုံးစွဲသည့် အဆင့် အထိ အဆင့်အတန်း မြှင့်နိုင်အောင် ရည်မှန်းချက် မြင့်မြင့်မားမားထားရန်လို။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉–၆–၂၀၀၅
(ကြာသပတေးနေ့)

နှစ်နိုင်ငံချစ်ကြည်ရေး အစဉ်အလာတန်ဖိုးထား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မား

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးကာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ မိသားစုဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို အလေးထား၍ ဆက်ဆံနေပေသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရေမြေတောတောင်ချင်း ထိစပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများအကြား နက်ရှိုင်းသော ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာမြဲမြံခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ခဲ့ကြသည်မှာ ၂၀၀၅ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် (၅၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယင်းကဲ့သို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည် အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံတော် ဒုတိယအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ သဝဏ်လွှာပေးပို့ရာတွင် **“နှစ်နိုင်ငံသံတမန် ဆက်သွယ်မှု ထူထောင်ခဲ့ချိန်မှစတင်၍ ကျွန်ုပ်တို့ နှစ်နိုင်ငံအား စည်းနှောင်ထားသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ပိုမိုတိုးတက်ခိုင်မြဲခဲ့ပြီး နှစ်နိုင်ငံအကြား ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မှုသည်လည်း ပိုမိုတိုးတက်လာခဲ့ပါသည်။ ဤ(၅၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယသည် နှစ်နိုင်ငံအကြားတည်ရှိပြီးဖြစ်သည့် ‘ဆွေမျိုးပေါက်ဖော်’ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြင့်မားသော အနေအထားသို့ မြှင့်တင်ပေးသည့် အရှိန်အဟုန်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်”** ဟူ၍ ဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သဝဏ်လွှာပေးပို့ရာတွင် **“တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် တရုတ်–မြန်မာချစ်ကြည်ရေးကို တန်ဖိုးထားပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်လက်၍ နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့သွားရန် ဆောင်ရွက်သွားပါမည်။ ထို့အပြင် ယခုရာစုနှစ်သစ်အတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဘက်စုံချစ်ကြည် ပူးပေါင်းဆောင်ရွက်ရေး၊ အိမ်နီးချင်းကောင်း ဆက်ဆံရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပြီး အစဉ်အမြဲ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းဖြစ်ရေးအတွက် အားထုတ်သွားမည်ဖြစ်ပါသည်”** ဟူ၍ ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခဲ့ရာတွင် အစောဆုံး သံတမန်ဆက်သွယ်ထူထောင်ခဲ့သည့် နိုင်ငံဖြစ်သည်။ (၅၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံပူးတွဲချမှတ်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်၏ ထိန်းကျောင်းမှုဖြင့် တရုတ်–မြန်မာဆက်ဆံရေးသည် အလျင်အမြန် ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော နိုင်ငံတကာအခြေအနေများနှင့် ပြည်တွင်းအခြေအနေများတွင် မှတ်ကျောက်တင် အောင်မြင်မှုများရရှိခဲ့ကြသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ပြုစုပျိုးထောင်လာခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသည် တိုးတက်ခိုင်မာမြဲမြံလျက်ရှိသည်။ နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားအတွက် နှစ်ဦးနှစ်ဖက် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုတိုးတက်နေပေသည်။

နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အလေးထားစောင့်ရှောက်မှုနှင့် နှစ်နိုင်ငံပြည်သူများ၏ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင် ကောင်းမွန်သည့် ညှိနှိုင်းဆောင်ရွက်မှု၊ အကျိုးတူစီးပွားရေးပူးပေါင်းဆောင်ရွက်မှု စသည့်နယ်ပယ်စုံတွင် အောင်မြင်မှုရလဒ်များ ဖြစ်ထွန်းလျက်ရှိပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရေးနှစ်ပေါင်းများစွာကပင် ရင်းနှီးစွာ ဆက်ဆံတည်ရှိလာခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေး အစဉ်အလာကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ရင်း နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားလာနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှာစကားပြောကြား

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(ပြည်ထဲရေး)

ပြည်သူများအနေဖြင့် လုံခြုံရေးသတိရှိရန်လိုအပ် တယ်လီဖုန်းကောလာဟလသတင်းများကို ယုံကြည်ရန်မလို

ရန်ကုန် ဇွန် ၈

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် လိုက်ပါလျက် ဇွန်၆ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ရောက်ရှိ၍ ခရိုင်နှင့်မြို့နယ်အဆင့်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင်း ဗုံးပေါက်ကွဲမှု သုံးနေရာဖြစ်ပွားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လုံခြုံရေး အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်နေကြောင်း၊ ပြည်သူများအနေဖြင့်လည်း လုံခြုံရေးသတိရှိရန် လိုအပ်ကြောင်းကို သတိပေးရန်လာရောက်ခြင်းဖြစ်ကြောင်း၊တယ်လီဖုန်း ကောလာဟလသတင်းများကို ယုံကြည်ရန်မလိုကြောင်း၊ လူစိမ်းဝင်ထွက်မှုသတင်းများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက အမြဲက သတင်းပေးရန်လိုကြောင်း၊ ဧည့်စာရင်းကို သေသေချာချာစစ်ဆေးရန်နှင့် လူစိမ်းလုံးဝအဝင်မခံရန် လိုအပ်ကြောင်း၊ မိုင်းနှင့်ပတ်သက်၍ ရွာအလိုက်၊ ရပ်ကွက်အလိုက်၊ လမ်းအလိုက် သာမက တစ်အိမ်ချင်းပါ တာဝန်ခံနိုင်ကြရန် လိုအပ်ကြောင်း၊ တာဝန်သိ ပြည်သူများအနေဖြင့် သတင်းပေးရန် လိုအပ်ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ပင်မတာဝန်မှာ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှုရှိရေး ဆောင်ရွက်ရန် ဖြစ်ကြောင်းတို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစီမံချက် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ ကျန်းမာရေးဝန်ကြီး အမှာစကားပြောကြား

ရန်ကုန် ဇွန် ၈

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် JICA, JOICFPအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် (Launching of the Community-Oriented Reproductive Health Project) ပြည်သူလူထုအခြေပြု မျိုးဆက်ပွား ကျန်းမာရေးစီမံချက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကန်ပတ်လမ်းရှိ နီကိုးရှိုင်ရယ်လိတ်ဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှဌာနေကိုယ်စားလှယ်များနှင့်JICA, JOICFP အဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က မိခင်နှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် အစဉ်တစိုက် ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ဆောင်ရွက်သည့် နေရာတွင် ကိုယ်ဝန်ဆောင်များ၊ ကလေးမွေးဖွားခြင်း၊ မွေးဖွားပြီးစောင့်ရှောက်ခြင်းနှင့် မွေးကင်းစကလေး စောင့်ရှောက်ရေးသည် အဓိကအရေးကြီးသော လုပ်ငန်းစဉ်များပါဝင်ကြောင်း။

ယင်းသို့ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန သာမက နီးနွယ်သော ဌာနအဖွဲ့အစည်းများ၊ ပြည်တွင်းအပါအဝင် နိုင်ငံတကာ လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် အသင်း၏စေတနာ့ဝန်ထမ်းများဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းသည် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

၂၀၀၀ပြည့်နှစ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ခဲ့သော ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များတွင်လည်း ကလေးသေနှုန်းကျဆင်းရေးနှင့် မိခင်များ၏ ကျန်းမာရေး တိုးတက်ရေး ရည်မှန်းချက်များ ပါဝင်ကြောင်း။

၂၀၀၂ခုနှစ်တွင် မြန်မာနိုင်ငံသည် မျိုးဆက်ပွား ကျန်းမာရေးမူဝါဒတစ်ရပ်ကို (Myanmar Reproductive Health Policy)ကို ချမှတ်နိုင်ခဲ့ခြင်းသည် မှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ယင်းမျိုးဆက်ပွားမူဝါဒအရ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ နည်းဗျူဟာငါးနှစ် စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် Japan International Coorperative Agency (JICA) မှ ဒုတိယ ဌာနေကိုယ်စားလှယ် Mr. Yamashita Makoto က ပြည်သူလူထုအခြေပြု မျိုးဆက်ပွား ကျန်းမာရေး စီမံချက်အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် Japanese Organization for International Cooperation in Family Planning (JOICFP) မှ အမှုဆောင် ညွှန်ကြားရေးမှူး Ms. Ishii Sumie က ပြည်သူလူထုအခြေပြု မျိုးဆက်ပွားကျန်းမာရေးစီမံချက် ရှေ့လုပ်ငန်းစဉ်အကျဉ်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ JOICFP မှ ညွှန်ကြားရေးမှူး Ms. Ryok Nishida က ပြည်သူလူထုအခြေပြု မျိုးဆက်ပွား ကျန်းမာရေး ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဂျပန်နိုင်ငံ၏ အတွေ့အကြုံများကို လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာ စံရွှေဝင်းက စီမံချက်ပါ ရည်မှန်းချက်များနှင့် စီမံချက်နယ်မြေများ၏ မျိုးဆက်ပွား ကျန်းမာရေးလက်ရှိ အခြေအနေနှင့် ဆောင်ရွက်ရမည့် နည်းဗျူဟာကို လည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးလှမြင့်အား ခန့်အပ်

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘရာဇီး ဖယ်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမြင့်အား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးမျိုးလွင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးမျိုးလွင်အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးစောလှမင်းအားခန့်အပ်

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ကူမင်းကုန်စည်ပြပွဲမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ယူနန်ပြည်နယ် ကူမင်းမြို့၌ကျင်းပသော "ကူမင်း ကုန်စည်ပြပွဲ–၂၀၀၅"သို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr. Tang Hai နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးနှင့် ဦးစီးအရာရှိ ဒေါ်မေသက်ဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇွန် ၉

သြစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသက်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ ခုနှစ် မေ ၂၆ရက်တွင် ကင်ဘာရာမြို့၌ သြစတြေးလျ ဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်မိုက်ကယ်ဂျက်ဖရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်နှင့်ပတ်သက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ထပ်ဆင့်ရှင်းလင်းမှာကြား

ရန်ကုန် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များနှင့်ပတ်သက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်၊ ဗီဒီယိုအနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ထုတ်လုပ်သူများအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းရုံးချုပ် ဇာတ်လမ်းရုပ်ရှင်(အသံခန်းမ)၌ကျင်းပရာ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် နာယကအဖွဲ့ဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များနှင့် ပတ်သက်၍ ထပ်ဆင့်ရှင်းလင်း မှာကြားရာတွင် ဝန်ကြီး၏ မှာကြားချက်အတိုင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအသစ် ပြန်လည်ဖွဲ့စည်းခြင်း၊ အခြေခံအလွှာအသီးသီး အမှုဆောင်များရွေးချယ်ခြင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ရည်ရွယ်ချက်(၅)ရပ်နှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်တို့နှင့် စပ်လျဉ်းသည့် ဝန်ကြီး၏ မှာကြားချက်ကို ထပ်ဆင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး(ပြသ) ဦးသိန်းထွန်းအောင်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက အဖွဲ့ဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် အခြေခံအလွှာအသီးသီး အမှုဆောင်များစာရင်းကို ကြေညာပြီး ဦးဆောင်ညွှန်ကြားရေးမှူးက နိဂုံးချုပ် အမှာစကားပြောကြားကာ ရှင်းလင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မှာကြားချက်များနှင့် ပတ်သက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်၊ ဗီဒီယိုအနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ထုတ်လုပ်သူများအား ထပ်ဆင့်ရှင်းလင်းမှာကြားစဉ်။
(သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာတရားပွဲ

ရန်ကုန် ဇွန် ၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံကြီး) က လမ်းမတော်မြို့နယ် လမ်းသစ်ဓမ္မာရုံတွင် ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၇နာရီမှ ၈နာရီခွဲအထိ လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် မေဓာဝီလမ်း သဒ္ဓမ္မဟိတကာရီဓမ္မဗိမာန်တွင် ဇွန် ၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိ လည်းကောင်း၊ သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်ရှိ ဇေတဝန်ပရိယတ္တိ စာသင်တိုက်တွင် ဇွန် ၂၂ရက်မှ ၂၈ရက် အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ဆိုက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

တရုတ်–မြန်မာ ချစ်ကြည်စွာ

☆ မြန်မာ–တရုတ်၊ တရုတ်–မြန်မာ
နှစ်လွှာတစ်ခက်၊ စွယ်တော်ရွက်နှယ်
ခေတ်ဆက်ဆက်ပြောင်း၊ အချစ်မဟောင်းသည်
နှစ်ပေါင်းကြာရှည်ခဲ့လေပြီ။

☆ တပိန် ရွှေလီ၊ သံလွင်မည်သည့်
ရေကြည်လဲ့ဝင်း၊ မြစ်သုံးစင်းသည်
ချစ်ခြင်းသရုပ်၊ အဖြေထုတ်၏
တရုတ်ပြည်မှ၊ မြစ်ဖျားစ၍
မြန်မာ့မြေမှာ၊ စီးဆင်းလာသော်
မြစ်ညာမြစ်ကြေ၊ နေရာကွဲပြား
ရေမခြားဘဲ၊ တစ်သားတည်းနေ
တစ်ရေတည်းသောက်၊ မခန်းခြောက်သည့်
ပေါက်ဖော်ဆွေမျိုး၊ မေတ္တာနှီးလျက်
ချစ်ကြိုးခိုင်ခိုင် ချည်ခဲ့ပြီ။

☆ အေဒီရှစ်ရာ၊ ဝန်းကျင်မှာလျှင်
မြန်မာပြည်ဖွား၊ ပျူမင်းသားနှင့်
နောက်ပါးစုံညီ၊ တရုတ်ပြည်သို့
ချစ်ကြည်ရေးအတွက်၊ ခရီးဆက်ခဲ့
နှည်က်ပျော့ပျောင်း၊အကကောင်းသော
ငြိမ့်ညောင်းချိုမြ၊ တေးဆိုလှသော
ဂီတသဘင်၊ ပညာရှင်တို့
ယဉ်ကျေးမှုချင်း၊ တုံ့လှယ်နှင်းကာ
မိတ်ရင်းဆွေဟောင်း၊ ခိုင်မာကြောင်းလျှင်
နှစ်ပေါင်းထောင်ကျော်ခဲ့လေပြီ။

☆ အနော်ရထာ၊ နန်းတော်ရာကို
မကြာသေးမီ၊ တူးဖော်သည့်တွင်
ချစ်ကြည်ရေးသရုပ်၊ သက်သေထုတ်သော
တရုတ်အက္ခရာ၊ ကမ္ပည်းစာနှင့်
တွေ့ပါလေခဲ့၊ အိုးခြမ်းပဲ့များ
တကယ့်ဖြစ်စဉ်၊ သုံးသပ်လျှင်သော်
ချစ်ခင်ဆက်ဆံ၊ ကူးသန်းဟန်ကို
ပုဂံခေတ်က၊ သက်သေပြ၏
တူမျှသဘော၊ တုံ့လှယ်ပြောသည်
ချစ်သောနှစ်တွေရှည်ခဲ့ပြီ။

☆ ခေတ်သစ်ကမ္ဘာ၊ ယနေ့ခါလည်း
မေတ္တာချင်းဆိုင်၊ ချစ်ခြင်းပြိုင်သို့
နှစ်နိုင်ငံဖွား၊ ခေါင်းဆောင်များလျှင်
သွားလာဆက်ဆံ၊ စိတ်ရင်းမှန်ဖြင့်
သူ့ထံကိုယ့်ထံ၊ ပြန်အလှန်ပင်
သံတမန်ခင်း၊ စေလွှတ်ခြင်းပြင်
တေးချင်းဂီတ၊ စာပေ စသော
ရသစုံလင်၊ ပညာရှင်တို့
တုံ့တင်သွယ်ယှက်၊ ချစ်ကြိုးဆက်ကာ
ရှေးထက်ခိုင်ကျည်ခဲ့လေပြီ။

☆ သြော်....မြန်မာ–တရုတ်၊ တရုတ်–မြန်မာ
နှစ်လွှာတစ်ခက်၊ စွယ်တော်ရွက်နှယ်
ခေတ်ဆက်ဆက်ပြောင်း၊ အချစ်မဟောင်းသည်
နှစ်ပေါင်းကြာရှည်ပေဦးမည်။ ။

[မြန်မာ–တရုတ် သံတမန်ဆက်ဆံရေး (၅၅)နှစ်မြောက်နေ့ကို ဂုဏ်ပြုလျက်]

မြင်းမူမောင်နိုင်မိုး

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် ဓာတ်စီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၈

၂၀၀၅ခုနှစ် ဇူလိုင် ၁၁ရက်တွင် ကျရောက်မည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ပိုစတာပြိုင်ပွဲကို ဇွန် ၁၁ရက်(စနေနေ့)တွင်လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၂ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း ပြည်နယ်၊ တိုင်းမြို့ကြီးများရှိ သတ်မှတ်နေရာများတွင် ကျင်းပသွားမည်ဖြစ်သည်။(သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်၏ အဝတ်အထည် တင်ပို့ရောင်းချမှု ယခုနှစ် ပထမသုံးလတွင် မြင့်တက်

ဒါကာ ဇွန် ၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုနှစ်၏ ပထမသုံးလပတ်ကာလတွင် အသင့်ဝတ်ဆင်နိုင်သော အဝတ်အထည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ဝင်ငွေရရှိကြောင်း နယူးနေးရှင်းသတင်းစာက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယခုနှစ် ပထမသုံးလပတ်ကာလအတွင်း ဇာထိုး အင်္ကျီများရောင်းချမှုတွင် ယခင်နှစ် အလားတူကာလကထက် ၃၈ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာသော်လည်း ရက်လုပ်သည့် အထည်အလိပ် တင်ပို့ရောင်းချရမှုမှာ ဝင်ငွေကျဆင်းသွားကြောင်း အထည်အလိပ်ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများ အသင်းက ပြောကြားသည်။

ပြောကြား

အထည်အလိပ် တင်ပို့ခြင်းဆိုင်ရာ ခွဲတမ်းသတ်မှတ်စနစ်ကို ကျင့်သုံးသည့် ၁၉၇၄ ခုနှစ်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အသင့်ဝတ်ဆင်နိုင်သော အထည်အလိပ်ပစ္စည်းများ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းမှ အကျိုးအမြတ်များ ရရှိလာသော်လည်း ယင်းစနစ် သက်တမ်းကုန်ဆုံးသွားသည့် ယနေ့ကာလတွင် ယှဉ်ပြိုင်ရမှုများ ပိုမိုတိုးပွားလာကြောင်း အထည်အလိပ်ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၏ ဥက္ကဋ္ဌ အင်နီဆူးလ်ဟာကွေးက ပြောကြားသည်။

ကြိုးပမ်း

သို့ရာတွင် မိမိတို့၏ အသင်းသည် အစိုးရအဖွဲ့၏ အကူအညီကို ရယူကာ ဈေးကွက်ဆိုင်ရာ အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အထည်အလိပ် တင်ပို့ခြင်းဆိုင်ရာ ခွဲတမ်းသတ်မှတ်စနစ်သည် ယခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သော ကမ္ဘာ့ဆင်းရဲသော နိုင်ငံအများအပြားသည် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရာတွင် ပိုမိုခက်ခဲလာမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ် ဘုရားကျောင်းသို့ လာရောက်လေ့လာကြသည့် ကမ္ဘာလှည့်ခရီးသည်များကို ဇွန် ၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရေး အာရှ-ပစိဖိတ် လက်နက်ကိုင်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

စင်ကာပူ ဇွန် ၇

အကြမ်းဖက်မှုနှင့် ပင်လယ်ရေကြောင်း ဓားပြတိုက်မှုတို့ကဲ့သို့သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရေးအတွက် အာရှနှင့်ပစိဖိတ်ဒေသရှိ လက်နက်ကိုင်တပ်ဖွဲ့များအတွင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် စင်ကာပူကာကွယ်ရေးဝန်ကြီး တိုချီဟန်းကတနင်္ဂနွေနေ့တွင် တိုက်တွန်းလိုက်သည်။

သမားရိုးကျမဟုတ်သည့်ခြိမ်းခြောက်မှုများသည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ပေါ်ပေါက်နေခြင်းနှင့် နိုင်ငံနယ်နိမိတ် အပိုင်းအခြား မရှိခြင်းတို့ကြောင့် မိမိတို့နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း အာရှလုံခြုံရေးညီလာခံ (ရှန်ဂရီလာဆွေးနွေးပွဲ)တွင် စင်ကာပူကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

မလက္ကာရေလက်ကြားလုံခြုံရေးအတွက် အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ရှိရေတပ်များ၏ ပူးတွဲကင်းလှည့်ရေးအစီအစဉ်ကို မိမိတို့ကြိုဆိုကြောင်း တိုချီဟန်းက ပြောကြားသည်။ မလက္ကာရေလက်ကြားဒေသတွင် သုံးနိုင်ငံပူးတွဲကင်းလှည့်သည့် အစီအစဉ်ကို လွန်ခဲ့သည့်နှစ်တွင် စတင်ခဲ့ပြီး ပင်လယ်ရေကြောင်းလုံခြုံရေးမြှင့်တင်ရန် နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှု၌ စံနမူနာပြနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အထောက်အကူပေး

ပစိဖိတ်အနောက်ပိုင်း ရေတပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၊ ငါးနိုင်ငံကာကွယ်ရေး အစီအစဉ်၊ လုံခြုံရေး မြှင့်တင်ရေး အစီအစဉ်များစသည့် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ လှုပ်ရှားမှုများသည် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုတိုးတက်ဖြစ်ပေါ်လာစေရန် အထောက်အကူပေးကြောင်း စင်ကာပူ ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ပင်လယ်ရေကြောင်းအကြမ်းဖက်မှုကို တိုက်ဖျက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ စွမ်းရည်ပိုမိုမြင့်မားလာစေရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ကြရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***



ဇမ်ဘီယာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

လူဆာကာ ဇွန် ၇

ဇမ်ဘီယာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် ပုဂ္ဂလိကကဏ္ဍကို တိုက်တွန်းလိုက်ကြောင်း ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ပက်ထရစ်ကာလီဖွန်ဂွာ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်း မီဒီယာသတင်းဌာနများက သောကြာနေ့တွင်ဖော်ပြသည်။

မြှင့်တင်

အဓိက စီးပွားရေးကဏ္ဍတစ်ရပ်အဖြစ် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရာတွင် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ပူးတွဲဆောင်ရွက်မှုဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း လီဗင်းစတုန်းမြို့တွင် ကျင်းပသော အစည်းအဝေးတစ်ရပ်တွင် ကာလီဖွန်ဂွာက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဇမ်ဘီယာ ခရီးသွားနှစ် ၂၀၀၅ ကို ဆက်လက်ပံ့ပိုးရန် ဝန်ကြီးက တိုက်တွန်းလိုက်သည်။ ဇမ်ဘီယာနိုင်ငံသို့ ၂၀၀၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၄၁၂၆၇၅ ဦး လာရောက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ၆၇၇၀၀၀ လာရောက်ခဲ့သည်။ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆သန်းရှိပြီး ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ သန်းရှိသည်။

လောလောဆယ်တွင် ခရီးသွားလုပ်ငန်းက နိုင်ငံ၏ ဂျီဒီပီ ၂ ဒသမ ၃ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိရာ လာမည့်ငါးနှစ်တာကာလတွင် နှစ်ဆ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ကြောင်း ဝန်ကြီးကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်စီးပွားရေး ၈ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်

အစ္စလမ္မာဘတ် ဇွန် ၇

ပါကစ္စတန်၏ စီးပွားရေးသည် ယခုဘဏ္ဍာရေးနှစ်အတွင်း ၈ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ယင်းတိုးတက်နှုန်းမှာ နှစ် ၂၀ အတွင်း အမြင့်ဆုံးတိုးတက်နှုန်းဖြစ်ကြောင်း စနေနေ့တွင် ထုတ်ပြန်သည့် ပါကစ္စတန်စီးပွားရေးလေ့လာဆန်းစစ်ချက် ၂၀၀၄-၂၀၀၅ ကဖော်ပြထားသည်။

ယခု စီးပွားရေးတိုးတက်နှုန်းသည်မူလခန့်မှန်းခြေ ၆ ဒသမ ၆ ရာခိုင်နှုန်းထက်များစွာ မြင့်မားခဲ့ကြောင်းတွေ့ရသည်။ ဂျီအင်ပီတိုးနှုန်းမှာလည်း ယခင်နှစ်က ၅ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၈ ဒသမ ၁ ရာခိုင်နှုန်းသို့မြင့်တက်လာကြောင်း လေ့လာဆန်းစစ်ချက်တွင်ဖော်ပြထားသည်။

ယင်းလေ့လာဆန်းစစ်ချက်ကို ဝန်ကြီးချုပ်၏ ဘဏ္ဍာရေးအကြံပေးအရာရှိ ဒေါက်တာဆာလ်မန်ရှား၊ ဘဏ္ဍာရေးဝန်ကြီးအိုမာအယွတ်ခန်နှင့် စီးပွားရေး အကြံပေးအရာရှိ ဒေါက်တာအက်ရှ်ဖတ်ဟာ စန်ခန်းတို့က သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပူးတွဲထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားတွင် ကိုယ်ချင်းဆက်အမြွှာညီအစ်ကို ခွဲစိတ်မှုခံယူ ကိုယ်အင်္ဂါအနေအထားအရ ကလေးတစ်ဦးတည်းကိုသာ အသက်ကယ်နိုင်

ဂျကာတာ ဇွန် ၇

အင်ဒိုနီးရှားနိုင်ငံ၏ ကိုယ်ချင်းဆက်အမြွှာညီအစ်ကိုကို စူရာဘာယာဆေးရုံ၌ဆရာဝန်များက ခွဲစိတ်ကုသပေးကြပြီးနောက် ကလေးတစ်ယောက်၏ အသက်ကို ကယ်တင်လိုက်နိုင်ကြောင်း ဒေသဆိုင်ရာသတင်းစာများက ဇွန် ၃ ရက်တွင် ဖော်ပြခဲ့ကြသည်။

ထိုအမြွှာညီအစ်ကိုမှာ အရှေ့ဂျာဗားရှိ ကွမ်ဘန်အရပ်မှဖြစ်သည်။ အာမီအာမွတ်တီးအာဘာဒီနှင့် အာမီအာမာမွတ်ကိုယ်ချင်းဆက်အမြွှာညီအစ်ကိုကို ယခုနှစ်ဖေဖော်ဝါရီ ၁၅ ရက်က မွေးဖွားခဲ့ခြင်း ဖြစ်ကြောင်း ဂျကာတာပို့စ် သတင်းစာက ဖော်ပြသည်။

နှလုံးတစ်ခုတည်းသာပါ

၎င်းအမြွှာညီအစ်ကိုတွင် နှလုံးတစ်ခုတည်းသာပါရှိသည်။ အာမီအာမာမွတ်တွင် မျက်နှာဟူ၍ ထင်ထင်ရှားရှား ပါမလာသည့်အပြင် ဦးနှောက်ဟူ၍လည်း ပါရှိခြင်းမရှိပေ။ နောက်တစ်ဦးဖြစ်သော အာမီအာမွတ်တီးအာဘာဒီတွင်မူ အသည်းပါရှိလာခြင်း မရှိဟုဆိုသည်။

မျှော်လင့်ချက်မရှိ

ဆရာဝန်များက ထိုကလေးနှစ်ဦးကို ခွဲစိတ်ရာတွင် အာမီအာမာမွတ်မှာ အသက်ဆက်လက် ရှင်သန်ရန်မျှော်လင့်ချက်မရှိကြောင်း ဆုံးဖြတ်ခဲ့ကြပြီးနောက် အာမီအာမွတ်တီးအာဘာဒီ၏ အသက်ကို အမိအရ ကယ်တင်ခဲ့ကြသည်။ အာမီအာမာမွတ်၏ အသည်းကိုရယူ၍ အာမီအာမွတ်တီးအာဘာဒီ၏ကိုယ်အတွင်းသို့ အစားထိုး ထည့်ပေးခဲ့ကြသည်။ ယခုအခါ အာမီအာမွတ်တီးအာဘာဒီ၏ အခြေအနေမှာ တည်ငြိမ်မှုရှိနေသည်ဟုဆိုသည်။

၂၅ ဦးပါဝင်

ကိုယ်ချင်းဆက် အမြွှာများတွင် တစ်ဦးသည် ကောင်းစွာမဖွံ့ဖြိုးလျှင် ဆေးပညာသဘောအရ တစ်ဦး၏ အသက်ကို အမိအရ ကယ်ဆယ်ရလေ့ရှိသည်ဟု ခွဲစိတ်ကုသရေး အဖွဲ့၏ အကြီးအကဲ ဒေါက်တာတီဂူဆယ်လ်ဗီယန်တိုရိုက ပြောကြားသည်။ ထိုခွဲစိတ်ကုသရေးအဖွဲ့တွင် ကလေးအထူးကု၊ ကလေးခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်စသည့် ဆေးဝန်ထမ်းပေါင်း ၂၅ ဦးပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရိုးရာပွဲတော်

ထိုင်းနိုင်ငံ တောင်ပေါ် တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်တွင် ပါဝင်ဆင်နွှဲနေကြသူများကို ဇွန် ၇ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဆွေးနွေးမှာကြား

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အသစ်ဖွဲ့စည်း တာဝန်ပေးအပ်မည့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ မြန်မာ့ ရုပ်ရှင်လောက တိုးတက်မြင့်မားရေး အတွက် ရှေ့ဆက်လက်ဆောင်ရွက် ရမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

❀ **မြန်မာ့ရုပ်ရှင်မှ**

တွေ့ဆုံစဉ်၌ ရုပ်ရှင်လောကသားများက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရန်ဆန္ဒပြုတင်ပြခဲ့ကြ၍တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် ယခုအခါ ပြန်လည်ရွေးချယ်မှုများကို ဆောင်ရွက်ပြီးစီးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မူများချမှတ်ခဲ့

ထိုကဲ့သို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ပြန်လည်ဖွဲ့စည်းရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ မူများချမှတ်ပေးခဲ့ပြီး အစည်းအရုံးအောက်ရှိ အခြေခံအလွှာ ၁၀လွှာတို့အား အလွှာတစ်ခုချင်းစီ၏ အဖွဲ့ဝင်အင်အားအရ အနည်းဆုံး ကိုယ်စားလှယ် လေးဦးမှ ၁၀ဦးအထိ ရွေးချယ်ဖွဲ့စည်းရန် သတ်မှတ်ဆောင်ရွက်စေခဲ့ကြောင်း။

ထိုသို့ ဖွဲ့စည်းရာတွင် အခြေခံအလွှာများအတွက် အောက်ခြေမှ ရွေးချယ်သည့်စနစ်နှင့် ဗဟိုမှရွေးချယ်သည့်စနစ်စသည်ဖြင့် မူနှစ်ရပ် ချမှတ်ခဲ့ကြရာ အလွှာတိုင်းတွင် အောက်ခြေမှရွေးချယ်သော ကိုယ်စားလှယ်များပါဝင်ခဲ့သလို ဗဟိုမှရွေးချယ်ခဲ့သောကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြောင်း။

ထို့အတူမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအဖွဲ့အသစ်ကိုလည်း အခြေခံမူသုံးချက်ဖြစ်သည့် ရုပ်ရှင်အစည်းအရုံးရှိအလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ သင့်တင့်သောသူများ စုစုပေါင်း၂၀ဖြင့်ဖွဲ့စည်းရန်၊ အလွှာတစ်ခုချင်းစီမှ အနည်းဆုံး တစ်ဦးစီပါဝင်ရန်နှင့် အောက်ခြေမှ ရွေးချယ်ထားသူများရော၊ ဗဟိုမှရွေးချယ်ထားသူများလည်းပါဝင်ရန် အခြေခံမူများချမှတ်ပေးခဲ့ကြောင်း။

ချက်ချင်းဆောင်ရွက်

ယင်းမူများသည် လက်ရှိအနေအထားအရ အကောင်းဆုံးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အသစ်ဖွဲ့စည်းလိုက်သည့် အမှုဆောင်များအနေဖြင့် လုပ်ငန်းများကို ချက်ချင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

အဖွဲ့သစ်အနေဖြင့်အစည်းအရုံး၏ ရည်ရွယ်ချက်(၅)ရပ်နှင့် လုပ်ငန်းစဉ်(၁၃)ရပ်တို့ကိုလည်း အစည်းအရုံး၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဆက်လက်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ ၎င်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များသည် အသစ်အဆန်းများမဟုတ်ကြောင်း၊ မိမိပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး စတင်တာဝန်ထမ်း ဆောင်သည့်အချိန်မှစတင်မှာကြားဆောင်ရွက်နေသော အချက်များပင်ဖြစ်ကြောင်း။

အစွမ်းကုန်ကြိုးပမ်း

ထိုကဲ့သို့တစ်ဖက်က မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်းမြင့်မားရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြီးက ဆောင်ရွက်နေသလို နိုင်ငံတော်အပိုင်းနှင့် ဝန်ကြီးဌာနအပိုင်းကလည်း ပံ့ပိုးဆောင်ရွက်ပေးရန်ရှိသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ဝင်သစ်များအနေဖြင့် မိမိအစည်းအရုံး၏ တိုးတက်ရာတိုးတက်ကြောင်းနှင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်းတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းပေးသင့်သည့် စက်ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းပေးရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများကလည်း ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးရန် စိတ်ပါဝင်စားပြီး လမ်းညွှန်မှုများလည်း ပေးထားကြောင်း၊ သို့ရာတွင် ရုပ်ရှင်လောကသားများထဲမှလည်း တတ်နိုင်သည့်ကဏ္ဍများ၌ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်မည်ဟုယုံကြည်ကြောင်း ဆွေးနွေးမှာကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်က ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ခွင့်ပြုချက်အရ ပြန်လည်အစားထိုး လဲလှယ်ဖွဲ့စည်းသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ဦးသုခ၊ ဘိုကလေးဦးတင့်အောင်၊ ဂီတလုလင်ဦးကိုကို၊ ဦးတင်ယု၊ ဦးတင်ညွန့်၊ ဦးမြင့်စိုး၊ ဦးခင်ဇော်၊ ဦးညွန့်ဝင်း၊ ဦးစိန်တင်တို့ပါဝင်သော နာယကအဖွဲ့ကိုးဦးနှင့် ဥက္ကဋ္ဌ ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိုး(ခ)ဦးစူဝမ်း၊ အတွင်းရေးမှူး ဦးတင်အောင်၊ တွဲဖက်အတွင်းရေးမှူး ဒါရိုက်တာ ဦးမောင်မောင်ဦးနှင့် ဒေါ်ဆွေဇင်ထိုက်တို့ ပါဝင်သော အမှုဆောင်၂၀၏ အမည်စာရင်းနှင့် တစ်ဦးချင်းစီအား တာဝန်ပေးအပ်မှုတို့ကို ဖတ်ကြားတင်ပြသည်။

ညီညီညွတ်ညွတ်မျှမျှတတ

ထို့နောက် ဝန်ကြီးကနိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဖွဲ့စည်းထားသော ရုပ်ရှင်အစည်းအရုံးကြီး အနေဖြင့် အလွှာအသီးသီးနှင့် ဆက်လက်ထိတွေ့ပြီး မိမိတို့ ရုပ်ရှင်အစည်းအရုံးလုပ်ငန်းများကို အင်တိုက်အားတိုက် သွက်သွက်လက်လက် ထက်ထက်မြက်မြက်ဖြင့် ရုပ်ရှင်လောကသားများ၏ အကျိုးကို ဦးထိပ်ပန်ဆင်ပြီ ညီညီညွတ်ညွတ်မျှမျှတတ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာဟော်ကီအဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ခွာ

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (AHF)အာရှနှင့် (FIH)ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ် ဟော်ကီဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် အဖွဲ့ခေါင်းဆောင် ဦးကျော်နိုင်နှင့် အဖွဲ့ဝင်အဖြစ် အဖွဲ့ချုပ်ယှဉ်ပြိုင် လေ့ကျင့်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဌေးသိန်းတို့သည် ယနေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့သို့ ထွက်ခွာသွားရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဘင်္ဂလားဒေ့ရှ်သံရုံးတာဝန်ခံ Mr. Yusuf Ali နှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွင့်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ရှိစဉ် ပူးတွဲလေ့ကျင့်ရန် ရောက်ရှိနေသော မြန်မာဟော်ကီလက်ရွေးစင် လူငယ်များအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ၊ နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှုလျက် အပြန်အလှန် ဟော်ကီဖွံ့ဖြိုး တိုးတက်ရေး ကိစ္စရပ်များနှင့် အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ၌ မြက်ခင်းတု ဟော်ကီကွင်းတည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ဆွေးနွေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉–၆–၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မျိုးကောင်းမျိုးသန့်အကြောင်းသိကောင်းစရာ
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	သူ့ဘဝသူ့လက်ရာ(ပန်းချီဝင်းမြင့်မိုး၏ဆီဆေးပန်းချီ)
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	သွန်းလောင်းသံနည်းပညာ
၇း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၅	UEFA Stories Best Goals
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	ပုံမှန်အသက်ထက်ကျော်လွန်ပြီး အခြေခံပညာမူလတန်းအဆင့်သို့ဝင်ရောက်လာသည့် ကလေးများအား အထူးသင်ကြားခြင်း
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	သိပ္ပံအကြောင်းသိကောင်းစရာ
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	အလင်္ကာကျော်စွာကာတွန်းဆရာကြီးဦးဘဂျမ်း
၉း၂၅	ဂီတဆည်းဆာတေးသံသာ
၁၀း၀၅	မိုင်ပေါင်းကုဋေဝေးပါစေခရီးတွင်စေတာမောင်မြန်မာ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	လက်ဆင့်ကမ်းဝေ ဂီတအမွေ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇွန်လအတွက်

(၁၂–၆–၂၀၀၅)ရက်နေ့

နှင့်

(၂၆–၆–၂၀၀၅)ရက်နေ့

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပဒုမ္မာလမ်း၊ အမှတ်–၂၉(ဒီ)နေ ဦးသိန်းဟန်အားရည်စူး၍ဇနီးဒေါ်ခင်သန်းမိသားစုက သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း) ထံပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

၂၀၀၅ခုနှစ်၊ ဇွန်လ ၁၄ရက်

သင့်သွေးလက်ဆောင်ပေးနိုင်ဖို့ သွေးလှူဒါနပြုကြစို့

Celebrating Your gift of blood

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇–အေ) ဂီတမာလာလမ်း (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်နေ ဒေါ်နှင်းဥ မိသားစုက ငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၂) ဦးဝင်းနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

အသက်ရှည်စွာ အနာမဲ့ရေး (၁၀)

ဒေါက်တာလွင်ကို

ဝါတော် (၆၁)ဝါ ရှိပြီဖြစ်တဲ့ ရွှေမန်းဆရာတော်ကြီး ဆေးခန်းကို ကြွရောက်တော်မူလာပါတယ်။ ရင်နဲ့ကျောတွေ အောင့်လို့တဲ့။ လိုအပ်တဲ့ စစ်ဆေးချက်(အီးစီဂျီနဲ့ ဓာတ်မှန်ရိုက်ခြင်း)များ ပြုလုပ်ဆောင်ရွက်ပေးပြီး သင့်တင့်လျောက်ပတ်သော ဘေသဇ္ဇ(ဆေးများ) ကပ်လှူခွင့်နဲ့ ကုသိုလ် ရလိုက်ပါတယ်။

"ဒါယကာကြီးရေးတဲ့ အသက်ရှည်စွာ အနာမဲ့ရေး ဆောင်းပါးတွေ ဘုန်းကြီး ဖတ်ပါတယ်"

"မှန်လှပါ၊ လိုအပ်ချက်များနဲ့ ပြုပြင်ရန်အချက်များ ရှိပါက မိန့်ကြားတော်မူပါဘုရား၊ ဝမ်းမြောက်ဝမ်းသာစွာ ဖြည့်စွက် ပြုပြင်ရန် အဆင်သင့်ရှိကြောင်း လျှောက်ထားအပ်ပါတယ်ဘုရား"

"သင့်ပါတယ်၊ ဘုန်းကြီးတို့အမြင်မှာ အသက်ရှည်ဖို့ကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတစွာ ကျင့်သုံးနေထိုင်နိုင်ဖို့ အရေးကြီးတယ်လို့ ဆိုချင်တယ်"

"မှန်ပါ၊ တပည့်တော်လည်း ဒီလိုပဲကြားဖူးပြီး လက်ခံရပါတယ် ဘုရား၊ သို့သော် ကံဆိုသည်ကိုတော့ တပည့်တော်ရဲ့ ဗဟုသုတဉာဏ် အမြင်နဲ့ ရာနှုန်းပြည့် မကြည်လင်သေးကြောင်းပါ၊ ကံဆိုသည်မှာ ပြုလုပ်ခြင်းမဟုတ်လားဘုရား၊ အတိတ်က ပြုခဲ့တဲ့ကံကြောင့် ဆင်းရဲ ချမ်းသာ ဖြစ်ရတယ်၊ အတိတ်ဘဝက ဒါနမျိုးစေ့ ကြဲချမှုနည်းခဲ့ရင် ယခုဘဝမှာ ကြွယ်ဝချမ်းသာမှု နည်းမှာပေါ့၊ သို့သော် ယခုဘဝပြုခဲ့တဲ့ ဒါနကံရယ်၊ ဝီရိယရယ်ကြောင့်တော့ ဆင်းရဲတွင်းနက်မှာမဟုတ်ဘူးလို့ ထင်ထားပါတယ်၊ သို့သော် အတိတ်ဘဝက သူ့အသက်သတ်တာ များခဲ့ရင်တော့ ယခုဘဝမှာ အသက်တိုမှာပဲမဟုတ်လားဘုရား၊ **ကံ၊ စိတ်၊ ဥတု၊ အာဟာရ** ဒီဘဝမှာ မျှတစွာကျင့်သုံးရုံနဲ့ အသက် ရှည်ပါ့မလား"

"ဒါယကာကြီး ဗေဒင်တွေ ယတြာတွေယုံလား"

"အကြွင်းမဲ့ မဟုတ်သော်ငြားလည်း ရှင်တော်မြတ်ဘုရား ဖွားမြင်တော်မူစဉ်ကပင် ဟောကိန်းထုတ်တဲ့ နိမိတ်တော်တွေ ဖတ်ရကြားရတော့ အလေးထားအပ်တဲ့ ပညာတစ်ရပ်ပါဘုရား"

"မှန်ပြီ ဒါယကာကြီး၊ ဒါဆို ဆက်မိန့်လို့ရပြီ၊ တစ်ခါက ဒိသာ ပါမောက္ခဆရာကြီးဟာ သူ့ထံမှာလာရောက်ပြီး ပညာသင်ကြားတဲ့ တပည့်များအားလုံးရဲ့ ဇာတာခွင်ချ ဗေဒင်တွက်ပြီးမှ မည်သူ့ကို မည်သည့် အတတ်သင်ပေးလျှင် ထူးချွန်မယ်ဆိုတာကို ဆုံးဖြတ်လေ့ ရှိတယ်တဲ့။ တပည့်တစ်ဦးရဲ့ ဇာတာခွင်အရ နောက်ခုနစ်ရက်အတွင်းမှာ သေမှာသိတော့ 'တပည့် မင့်မိဘတွေက မင့်ကိုလွမ်းဆွတ်တမ်းတ နေတယ်၊ မင့်ဌာနေပြန်ချေဦး၊ မိဘများကို စိတ်ချမ်းသာအောင်ပြုပြီး ခုနစ်ရက်ကျော်မှ ဆရာ့ဆီပြန်လာ'လို့ မှာလိုက်တယ်။ တပည့်ဖြစ်တဲ့သူက ဆရာ့စကားနားထောင်ပြီး မိဘရပ်ထံကို ပြန်ပါတယ်။

"အပြန်လမ်းမှာ ရာသီဥတုပူပြင်းလို့ ရေခန်းစပြုတဲ့ရေအိုင်ထဲက တဖျပ်ဖျပ်လူးနေတဲ့ ငါးတွေကို ရေများတဲ့ကန်ထဲကို ပြောင်းပြီး လွှတ်ပေးခဲ့တယ်။ နောက်ပြီး လမ်းမှာပျက်စီးနေတဲ့ မြောင်းကူးတံတားကို သစ်ဝါးအစားထိုးပြီး ပြုပြင်ပေးတယ်။ ကူးရခက်နေတဲ့ အဘိုး၊ အဘွားအိုတွေကို တစ်ဖက်ရောက်အောင် ကူညီခဲ့တယ်။ လမ်းတစ်လျှောက် ဆူးငြောင့်ခလုတ်ဖြစ်စေနိုင်တဲ့ အရာအားလုံး သူ့မှာပါတဲ့ဓားနဲ့ သွားလမ်းလာလမ်းသာအောင် လုပ်ဆောင်ခဲ့ပြီး ညောင်ပင်အကြီးကြီး တစ်ပင်အောက်မှာ ခေတ္တနားမိတယ်။ ညောင်ပင်က ကြီးလွန်းတော့ ကိုင်းတွေဖြာထွက်နေတာ မြေကြီးထိလုမတတ်ဖြစ်နေတာ မဖြစ်သင့်ဘူးဆိုပြီး အခြားသင့်လျော်တဲ့ သစ်ပင်ကိုင်းကိုခုတ်၊ ညောင်ကိုင်း မြေမထိအောင် ထောက်ပေးခဲ့တယ်။ အိမ်ပြန်ရောက်တော့ မိဘဝေယျာဝစ္စ ဆောင်ရွက်ပေးတော့ မိဘများကလည်း ဝမ်းသာကြတာပေါ့။ ခုနစ်ရက်ကျော်မှ ဆရာကြီးမှာတဲ့အတိုင်း ပြန်လာတော့ ဆရာကြီးဟာ အလွန် အံ့အားသင့်သွားပြီး သူ့ဇာတာကို အထပ်ထပ်ပြန်စစ်ပါတယ်။ အဖြေကတော့ အတူတူပါပဲ။ ဒါနဲ့ တပည့်ရဲ့ လမ်းမှာတွေ့ကြုံဖြစ်ပျက် ဆောင်ရွက်ခဲ့သမျှတွေမေးတော့ အဲဒါကြောင့်လို့ အဖြေထွက်ပါတယ်။ ဒါယကာကြီး သဘောပေါက်မှာပါ"

"ပေါက်ပါတယ်ဘုရား၊ ဆက်ပြီးမိန့်ပါဦးဘုရား"

"ဒါယကာကြီး၊ ပဥ္စာနန္တရိယကံဆိုတာ ကြားဖူးမှာပါ။ (၁) အမိကို သတ်ခြင်း (၂) အဖကိုသတ်ခြင်း(၃)ရဟန္တာကိုသတ်ခြင်း(၄) မြတ်စွာ ဘုရားရှင်ကို သွေးစိမ်းရှင်ရှင် ထွက်အောင်ပြုခြင်း (၅) သံဃာတော် တို့ကို သင်းကွဲအောင်ပြုခြင်းဆိုတာလေ။ ဒီကံကြီးငါးပါးကို ကျူးလွန်မိလို့ကတော့ ယခုပစ္စုပ္ပန်ဘဝမှာ ဘယ်လိုကောင်းမှုပင် ပြုစေကာမူ ဝဋ်ကြွေး မလွတ်ဘူး ပြန်ခံရမှာပဲ။ အရှင်မဟာမောဂ္ဂလာန် ရဟန္တာအရှင်သူမြတ်ကြီး တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်ကြီးဟာ ဘဝတစ်ခုမှာ သူ့မိန်းမကခိုင်းလို့ မျက်စိမမြင်တဲ့ မိခင်ကြီးကို ဓားပြတွေလာပြီ အမေ ပြေးပြေးဆိုပြီး သူကိုယ်တိုင် လိုက်ရိုက်ခဲ့လို့ ကွယ်လွန်ရှာခဲ့တဲ့ အကုသိုလ်ကံဟာ ရဟန္တာဖြစ်ပါလျက်နဲ့ ခိုးသားငါးရာရဲ့ နှိပ်စက်ခြင်း ကိုခံပြီး ဝဋ်ကြွေးဆပ်ခဲ့ပြီးမှ ပရိနိဗ္ဗာန်စံဝင်တော်မူရှာတယ်။ ခိုးသား ငါးရာ နှိပ်စက်လို့ သေလုဆဲဒဏ်ရာ ဝေဒနာတွေနဲ့ပင် ပရိနိဗ္ဗာန်မပြုမီ မြတ်ဗုဒ္ဓကို တန်ခိုးတော်အစုံထက်ကောင်းကင်မှာပြပြီး ကန်တော့ သွားပါတယ်။ ဒါက ပဥ္စာနန္တရိယကံရဲ့ ကြီးလေးလွန်းလှတဲ့ အပြစ်ပေါ့။

"ဒါယကာကြီး အင်္ဂုလိမာလကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်းသိပါတယ်။ သူ့ဆရာကခိုင်းလို့ လက်ညှိုးပေါင်းတစ်ထောင် ရှာရတာလေ၊ တွေ့တဲ့ လူတိုင်းလိုက်သတ်နေတာ။ နောက်ဆုံး သူ့အမေလက်ညှိုးရရင် ပြည့်ပြီ ဆိုပြီး မိခင်ကြီးကိုအလိုက် မြတ်ဗုဒ္ဓနဲ့တွေ့ပြီး ကျွတ်တန်းဝင်သွားတယ်။ သူ့မိခင်ကိုမသတ်ဖြစ်လိုက်ဘူး၊ ဒါကြောင့် ပဥ္စာနန္တရိယကံမထိုက်ဘူးပေါ့၊ ဘုရားရှင်ထံမှတရားနာပြီး သောတာပန်၊ သကဒါဂမ်၊ အနာဂမ်ဖြစ်ပြီး တရားဆက်ကျင့် အရဟတ္တမဂ်ဖိုလ်ဆိုက်ပြီး ရဟန္တာဖြစ်သွားတယ်။ သူပြုခဲ့တဲ့ အကုသိုလ်ကံတွေ(လူတွေသတ်ခဲ့တာတွေ)ဟာ အဟောသိကံ ဖြစ်သွားပြီး ဆိုးကျိုးလိုက်မပေးနိုင်တော့ဘူး"

"မှန်ပါ့၊ နားလည်ရပါပြီဘုရား၊ ယခုဘဝကုသိုလ်ကံအားကြီးရင် အတိတ်ဘဝက အကုသိုလ်ကံတွေကို အဟောသိကံဖြစ်အောင် ဖျက်နိုင်တယ်ပေါ့ဘုရား"

"မှန်တယ် ဒါယကာကြီး၊ အဲဒါကို **'ဥပဃာတကကံ'** လို့ခေါ်ပါတယ်။ ဒီမှာနှစ်မျိုးဖြစ်နိုင်တာပေါ့၊ အကုသိုလ်ကလည်း ကုသိုလ်ကိုအပြတ်ချေဖျက် ခြင်းနဲ့ ကုသိုလ်က အကုသိုလ်ကို အပြတ်ချေဖျက်ခြင်းပေါ့၊ **နှိပ်စက်ရုံတင် မကချင်ဘဲ ယခင်ထက်တိုး ကံအကျိုးကို ပယ်ချိုးနှိမ့်ချ သတ်ဖြတ်က ဥပဃာတကကံလို့** စာအချိုးရှိတယ်။

"ဥပပိဠကကံ ဆိုတာကတော့ ကုသိုလ်နဲ့အကုသိုလ်အားပြိုင်တာပေါ့၊ အတိတ်ဘဝက အကုသိုလ်တွေကို ယခုဘဝကုသိုလ်များမှာ မှေးမှိန် အောင်လုပ်ခြင်းပဲ၊ အပြန်အလှန်ရှိတာပေါ့ ဒါယကာကြီးရယ်၊ ဒါ့ကြောင့် ကုသိုလ်၊အကုသိုလ်ခွဲခြားသိရင် ကုသိုလ်များများလုပ်ပေါ့။

"လူတွေသေခါနီး ကောင်းသော မကောင်းသောနိမိတ်များ ဖြစ်လေ့ ရှိတယ်။ ပထမဆုံး ဖြစ်တတ်တာကတော့ **"ဂရုကံ"** တဲ့၊ ပဥ္စာနန္တရိယကံ ကျူးလွန်မိရင် ဒါတွေကိုပဲမြင်နေတော့တာပဲ၊ တရားအားထုတ်ပြီး ဈာန်အဘိညာဉ်တွေထိအောင်၊ ရအောင်လုပ်ခဲ့ရင်လည်း ဒါတွေပဲမြင်နေ တတ်တယ်၊ ဒါကတော့ ရှားပါတယ်။

"ဖြစ်တတ်တာက **'အာသန္နကံ'** သေခါနီးမှာ မိမိလုပ်ခဲ့တဲ့ ကောင်းမှု ပေါ်လိုက်၊ မကောင်းမှု ပေါ်လိုက်ဖြစ်တတ်တယ်။ ဒါကြောင့် ကျန်ရစ်မည့် မိသားစုများက သူလုပ်ခဲ့တဲ့ကောင်းမှုများကို အဲဒီအချိန်မှာပြောပြနေရင် သိပ်ကောင်းပါတယ်။ သား၊သမီးက ပြောပြနိုင်မယ်ဆိုရင် မိဘကို ကျေးဇူး ဆပ်ရာရောက်ပါတယ်။

"အဲဒါထက်ပိုကောင်းတာကတော့ **'အာစိဏ္ဏကံ'** ကို စွဲစွဲမြဲမြဲလုပ်ထား ဖို့ပါ၊ တစ်ခါလှူတာကို နေ့စဉ်အထပ်ထပ် သတိရပွားများနေရင် အာစိဏ္ဏကံဖြစ်ပါတယ်။ ဒါကြောင့် ကုသိုလ်အယ်လ်ဘမ်ဖွင့်ရင် ကောင်းတယ်လို့ ဘုန်းကြီး တိုက်တွန်းချင်ပါတယ်။ ဒါနကုသိုလ် အယ်လ်ဘမ်၊ သီလကုသိုလ် အယ်လ်ဘမ်နဲ့ ဘာဝနာကုသိုလ်အယ်လ် ဘမ်ပေါ့၊ ကိုယ်ပြန်ကြည့်တိုင်း အာစိဏ္ဏကံဖြစ်ပြီး သေခါနီးချမ်းသာရမှာ သေချာပါတယ်"

"မှန်ပါ၊ ကျေးဇူးကြီးကြောင်းပါဘုရား၊ တစ်လက်စတည်း သံဃာ ဂိုဏ်းကွဲအောင်ပြုခြင်းကို ထပ်ပြီးရှင်းပေးတော်မူပါဦးဘုရား"

"အရပ်သုံးစကားဆိုရရင်တော့ တစ်ဦးနဲ့တစ်ဦး၊တစ်အုပ်စုနဲ့တစ်အုပ်စု ကွဲအောင်၊ ရန်ဖြစ်အောင် ကုန်းတိုက်ခြင်းပါပဲ၊ ဘုရားရှင်လက်ထက်တော် တုန်းက တစ်နေ့မှာ ရှင်မောဂ္ဂလာန် မထေရ်ကြီးနဲ့ ရှင်လက္ခဏမထေရ်တို့ ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာတဲ့အခါ တစ်နေရာမှာပြုံးတော်မူတော့ ရှင်လက္ခဏကမေးတယ်။ ဒီအကြောင်းကိုဘုရားရှင်ရှေ့မှာမှပြန်မေးပါလို့ပဲ မိန့်တော်မူတယ်။ ဘုရားရှင်ရှေ့တော်မှောက်မှာပြုံးတာ တခြားကြောင့် မဟုတ်ဘူး၊ ဝက်ရဲ့ခေါင်း လူရဲ့ကိုယ်နဲ့ သုံးဂါဝုတ်လောက်ရှိတဲ့ ပြိတ္တာ ကြီးကိုမြင်လို့ အမြီးကနောက်မှာမပေါက်ဘဲ ပါးစပ်ကထွက်နေတယ်။ သွားရည်တွေကျနေတာကလည်း ပိုးလောက်ကောင်တွေကိုမြင်ပြီး စားချင်လို့ပါလို့ ဖြေကြားတော့ ဘုရားရှင်က ဒီပြိတ္တာကြီးကို ဘုရား ဖြစ်စကပင် မြင်တယ်။ အခု ရှင်မောဂ္ဂလာန်မထေရ် သက်သေရလို့ ဆက်ဟောမယ်ဆိုပြီး မိန့်တော်မူပါတယ်။

"ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက ရွာတစ်ရွာမှာ ဝါတော်(၆၀)ရှိတဲ့ မထေရ်ကြီးနဲ့ (၅၉)ဝါရှိတဲ့ မထေရ်ကြီးတို့ ကျောင်းတစ်ကျောင်းမှာ ညီအစ်ကိုနှယ်ချစ်ချစ်ခင်ခင် နေထိုင်ခဲ့ကြတယ်။ ဝါငယ်တဲ့မထေရ်က ကြီးတဲ့မထေရ်ကို ရိုရိုသေသေလုပ်ကျွေးတယ်။ တစ်နေ့မှာဓမ္မကထိကတစ်ပါး ကျောင်းရောက်လာပြီး တည်းခိုနေထိုင်ခွင့် တောင်းပါတယ်။ ခွင့်ပြုချက်အရ နေလာလိုက်တာ အဟောအပြော ကောင်းတော့ ရွာကဒါယကာ၊ဒါယိကာမများကလည်း ကြည်ညိုလေးစား လာကြတယ်။ ဒါကြောင့် ဓမ္မကထိကမှာ စိတ်ရိုင်းဝင်လာပြီး ဒီရဟန်းကြီး နှစ်ပါးမသင့်တင့်ရင် ဒီကျောင်းကိုရပြီဆိုတဲ့ အကြံနဲ့ မထေရ်ကြီးဆီသွားပြီး တပည့်တော် အရေးကြီးတဲ့စကားတစ်ခွန်းလောက် လျှောက်ထား ချင်ပါတယ် ပြောပါတယ်။

"မထေရ်ကြီးက ခွင့်ပြုငြားသော်လည်း လျှောက်ထားရမယ့်စကားက ဝန်လေးလှပါတယ် ဘုရား၊ မလျှောက်ထားတော့ပါဘူးလို့ သုံးလေးကြိမ် ပြုတော့ မထေရ်ကြီးက အတင်းမေးရတော့တာပေါ့။ ဒီတော့မှ မလျှောက် မဖြစ်ရင်လည်း လျှောက်ရပါတော့မယ်၊ အရှင်ဘုရားနဲ့ မထေရ်ငယ် ဆွမ်း အတူစားပါသလားလို့ မေးတယ်။ ငါတို့ဟာ ညီအစ်ကိုလိုပဲ၊ ငါရသမျှ သူပိုင်တယ်၊ သူရသမျှ ငါပိုင်တယ် ခွဲခွဲခြားခြားမရှိဘူးလို့ မထေရ်ကြီးက မိန့်တယ်။ အဲဒီအခါ ဓမ္မကထိကရဟန်းက ဒီလိုဆိုရင် ဝမ်းသာပါတယ် ဘုရား၊ ဒါပေမယ့် မထေရ်ငယ်ကတော့ တပည့်တော်ရောက်စကတည်းက တပည့်တော်ဆီလာပြီး အသင်ဓမ္မကထိက အသင်ဟာ ရဟန်းကောင်း ဖြစ်တယ်။ ဒီတော့ မထေရ်ကြီးကို ရှက်တတ်တဲ့ လဇ္ဇီပုဂ္ဂိုလ်၊ သီလချစ်တဲ့ ပုဂ္ဂိုလ်အနေနဲ့ ပေါင်းသင်းဆက်ဆံမယ်ဆိုရင် မပေါင်းသင်းခင် သေချာ စူးစမ်း ဆင်ခြင်ပါလို့ သတိပေးပါတယ်လို့ လျှောက်ထားတော့ မထေရ်ကြီးက သိပ်စိတ်ဆိုးတာပဲ၊ ဓမ္မကထိကဟာ မထေရ်ငယ်ကိုလည်း ဒီအကွက်မျိုးဆိုက် အောင် လုပ်ဆောင်ပြန်တယ်၊ ဒီတော့မထေရ်ငယ်က မထေရ်ကြီးကို စိတ်ဆိုးတာပေါ့။ အတိုချုပ်လိုက်တော့ အလွန်ချစ်ခင်ပြီး ညီညွတ်စွာ ပေါင်းသင်းနေထိုင်လာကြတဲ့ မထေရ်ကြီးနှစ်ပါး ရန်ဖြစ်ပြီး ကျောင်းပေါ်က ဆင်းသွားတော့ ဓမ္မကထိက ကျောင်းထိုင်ဖြစ်သွားတာပေါ့၊ အဲဒီအဖြစ်ကြောင့် ဓမ္မကထိက သေလွန်တဲ့အခါ အနှစ်၂၀၀၀၀ ရဟန်း အဖြစ်နဲ့ အားထုတ်ထားတဲ့ ကုသိုလ်တွေဟာ သူ့ကိုမကယ်နိုင်ဘူး၊ အဝီစိငရဲကို ကျရတယ်။ အဝီစိက လွတ်လာတဲ့အခါ အကုသိုလ်ကံ ကြွင်းကြောင့် ဒီဝက်ပြိတ္တာဖြစ်လာပြန်တယ်လို့ မြတ်စွာဘုရား ဟောကြား တော်မူပါတယ်။

"လူတွေမှာလည်း ဖြစ်တတ်ပါတယ်။ တချို့လူမိုက်တွေကတော့ ကွဲသွားရင် ဒီငကြောင်ကို ငါလုပ်လိုက်တာကွလို့ လက်မထောင်ချင် ကြသေးတယ်။ သေတဲ့အခါ ဒီအဖြစ်ကြောင့် အဝီစိမှာ မရှုမလှခံရမှာ ကိုတော့ ဒီလူမိုက်တွေမမြင်ကြဘူး"

"မှန်ပါ့ဘုရား၊ **'ကံ'** အကြောင်းကို မကျဉ်းမကျယ်ရှင်းပြလို့ တပည့်တော်တို့နဲ့ ထိုက်သင့်စွာ နားလည်ရပါပြီ၊ ကျေးဇူးကြီးလှပါတယ်။ အတိတ်ကပြုခဲ့ဖူးတဲ့ အကုသိုလ်ကံတွေရှိခဲ့ရင်လည်း ယခုဘဝမှာ ကုသိုလ် စဉ်ဆက်မပြတ်ပြုပြီး ချေဖျက်ပစ်ပါ့မယ်ဘုရား။ ဥပဃာတကကံလို့ ဆရာတော်မိန့်ထားတာ၊ ဒါလဲ အသက်ရှည်စွာ အနာမဲ့ရေးလို့ မှတ်ယူ ပါ့မယ်။ နောက်ပြီး သေခြင်းတရားကို ချမ်းသာစွာရင်ဆိုင်နိုင်အောင် ကုသိုလ်ကောင်းမှုတွေကို Album လုပ်ပြီး **'အာစိဏ္ဏကံ'** ပြုပါ့မယ်ဘုရား"

"သာဓု၊ သာဓု၊ သာဓု ဘုန်းကြီးကိုဆေးစစ်၊ ဆေးကုပေးတာ ဒါယကာကြီးတင်မက ဆေးပညာလောကသားအားလုံး ကုသိုလ်ရကြ မှာပါ"။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** (က) °The Neture of Logic . (1st Philosophy) (ခ) °Law and Legal Studies. (1st Law)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၆။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း-၃)**
၆:၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "၂၄-နာရီ" (အပိုင်း-၉)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၃၁)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

ကျေးလက်ဒေသဖွံ့ဖြိုးမှု စီမံရေးလုပ်ငန်းများတွင် စွမ်းအင်စီမံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးမှု စီမံရေးလုပ်ငန်းများတွင် စွမ်းအင်စီမံရေးပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး စီမံကိန်းအစီအစဉ်ဖြင့် မဟာဗျူဟာ အစီအစဉ်တစ်ရပ် ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ဌာနေကိုယ်စားလှယ် Mr. Charles Petrie၊ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်မှ ပညာရှင်ကိုယ်စားလှယ် Mr. Hongpeng Liu၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊စွမ်းအင်ကဏ္ဍနှင့် ကျေးလက်ကဏ္ဍတို့နှင့် ဆက်နွှယ်သော ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု စီမံရေးရာလုပ်ငန်းများတွင် စွမ်းအင်ကဏ္ဍ ပေါင်းစပ်ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းထားသည့် အမျိုးသားစွမ်းဆောင်မှုအဖွဲ့ အဖွဲ့ဝင်များနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဌာနေကိုယ်စားလှယ် Mr. Charles Petrie နှင့် ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်မှ ပညာရှင်ကိုယ်စားလှယ် Mr. Hongpeng Liu တို့က အမှာစကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနနှင့်ကုလသမဂ္ဂ၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ပူးပေါင်းပြုလုပ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးမှုစီမံရေးလုပ်ငန်းများတွင် စွမ်းအင်စီမံရေး ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးစီမံကိန်းအစီအစဉ်ဖြင့် မဟာဗျူဟာအစီအစဉ်တစ်ရပ် ရေးဆွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(စွမ်းအင်)

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းအား အေစီစီယူ ဒုတိယညွှန်ကြားရေးမှူး တွေ့ဆုံ

ရန်ကုန် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ဂျပန်နိုင်ငံ Asia/ Pacific Cultural Centre for UNESCO (ACCU) အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး Ms. Sasaki Mariko သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်အမှုဆောင်များနှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၄ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ ရောက်ရှိသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်ခရိုင် အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာ စိုင်းဆေးကော်က ပြည်နယ်အသင်း၏ အခြေအနေများကိုတင်ပြပြီး ဒုတိယဝန်ကြီးက ပြည်နယ်အသင်း၏ တစ်နှစ်အတွင်းပြုလုပ်မည့် သင်တန်းများ စနစ်တကျပြုလုပ်ရေး၊ ကျေးလက်ဖွံ့ဖြိုးရေးတွင် နယ်မြေအလိုက် လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ဂျပန်နိုင်ငံ Asia/Pacific Cultural Centre for UNESCO (ACCU)**မှ ဒုတိယညွှန်ကြားရေးမှူး** Ms. Sasaki Mariko **လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ကွင်းပိတ်ရှိုး/ ထွက် ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇွန် ၈

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်ရှိုး/ထွက် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမကွာတားဖိုင်နယ်ပြိုင်ပွဲအဖြစ် ပို့ဆောင်ရေးအသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် Tiger Brothers Trading Co,Ltd**အမှတ် - ၆၆၊ ပထမထပ်၊ ၂၈ လမ်း၊ ပန်းဘဲတန်းမြို့နယ်မှ ဦးကျော်ဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြတ်အောင်နှင့် စာရင်းစစ် ဦးစံမင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များလိုက်နာရန် သတိပေးနှိုးဆော်ချက်

- လမ်းမကြီးများပေါ်တွင် အချို့ယာဉ်များသည် အမြန်မောင်းနှင်ရန်နှင့်ကျော်တက်ရန် သတ်မှတ်ထားသော လက်ဝဲအစွန်ယာဉ်ကြောပေါ်တွင် စည်းကမ်းမလိုက်နာဘဲ အရှိန်ဖြည်းဖြည်းဖြင့် လမ်းပိတ်ဆို့မောင်းနှင်နေကြောင်း တွေ့ရှိနေရပါသည်။
- သို့ပါ၍ လမ်းမကြီးများပေါ်တွင် ဖြည်းဖြည်းမောင်းလိုပါက လမ်း၏ညာဘက်အစွန်ဆုံးယာဉ်ကြောတွင် မောင်းနှင်ရန်နှင့် မှန်မှန်မောင်းလိုသောယာဉ်များ လမ်း၏ ဒုတိယယာဉ်ကြောမှ မောင်းနှင်သွားရန်ဖြစ်ပါသည်။ လမ်း၏လက်ဝဲအစွန်ယာဉ်ကြောမှာ ရှေ့ယာဉ်အား ကျော်တက်လိုသောအခါ အရှိန်မြှင့်မောင်းနှင်ပြီး ကျော်လိုသောကားနှင့် လွတ်ကင်းချိန်တွင်ဒုတိယယာဉ်ကြောအတွင်းသို့ ပြန်လည်ဝင်ရောက်မောင်းနှင်သွားခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ ယာဉ်များအလွယ်တကူ သွားလာနိုင်မည်ဖြစ်ပါသဖြင့် လမ်းမကြီးစည်းကမ်းများအား တိကျစွာ လိုက်နာသွားရန်လိုအပ်ပါသည်။
- လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လှူဒါန်း

ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့် ဇနီး ဒေါ်ခင်လှအား ရည်စူး၍ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၃၆)နေ ဦးဟုတ်ရှိန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံစဉ်။ (က-ပ)

ထုတ်လုပ်မည့် စက်ကိရိယာများ ဈေးကွက်ကျယ်ပြန့်စွာရရှိရေး တက်တက်ကြွကြွ ကြံစည်စဉ်းစား ဆောင်ရွက်ကြရန်လိုအပ်

✧ ရှေ့ဖုံးမှ

ထို့နောက် Forging Shop & Heat Treatment အလုပ်ရုံ တည်ဆောက်ပြီးစီးမှုနှင့် အလုပ်ရုံအတွက် စက်ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ Machine Shop (2) အလုပ်ရုံ တည်ဆောက်ပြီးစီးမှုနှင့် သံကုန်ကြမ်း၊ သဲကုန်ကြမ်း စုဆောင်းထားမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အလုပ်ရုံမှဝန်ထမ်းများအား နှုတ်ဆက်အားပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Machine Shop (1) နှင့် Ware House တို့ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြီးစီးမှု

မန္တလေးစက်မှုဇုန်၌ တည်ဆောက်လျက်ရှိသည့်ခေတ်မီသံရည်ကျိုစက်ရုံတွင် Machine Shop (1) မှာ Forging & Heat Treatment Shopအလုပ်ရုံမှာ ၉၅ရာခိုင်နှုန်းပြီးစီးနေပြီးတပ်ဆင်ရမည့်စက်၂၂လုံးအနက် စက်၁၈လုံးရောက်ရှိနေပြီဖြစ်သည်။ Foundry Shop အလုပ်ရုံမှာ ၉၇ရာခိုင်နှုန်းပြီးစီးနေပြီး တပ်ဆင်ရမည့် စက် ၃၁လုံးအနက် ၂၈လုံး တပ်ဆင်ပြီးဖြစ်သည်။ Ware House မှာ ဆောက်လုပ်ဆဲဖြစ်သည်။

လက်တွန်းထွန်စက်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်(၁)ရှိ မန္တလာ လက်တွန်းထွန်စက်စက်ရုံသို့ ရောက်ရှိကြပြီး လက်တွန်းထွန်စက်၊ ဆိုင်ကယ်ဝန်တင်ယာဉ်နှင့် ထော်လာဂျီယာဉ်များ၏ စက်ပစ္စည်း အစိတ်အပိုင်း ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြရာ စက်ရုံပိုင်ရှင် ဦးမောင်အေးက ရှင်းလင်းပြသသည်။

ဆက်လက်၍ CNG သဘာဝဓာတ်ငွေ့သုံးဆိုင်ကယ် ဝန်တင်ယာဉ် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆိုင်ကယ် ဝန်တင်ယာဉ်ငယ်များ၌ ဓာတ်ဆီအစား CNG သဘာဝဓာတ်ငွေ့ဖြင့် မောင်းနှင်နိုင်ရန် ဓာတ်ငွေ့အိုးကို စနစ်တကျတပ်ဆင်ထားပြီး သဘာဝဓာတ်ငွေ့ တစ်ကြိမ်ထည့်လျှင် ၆၅မိုင်ခန့် ခရီးရောက်ကြောင်းသိရှိရသည်။

ဆက်လက်၍ လက်တွန်းထွန်စက်များတပ်ဆင်သည့် အလုပ်ရုံနှင့် လက်တွန်းထွန်စက်များအား စက်စမ်းသပ်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလာ လက်တွန်းထွန်စက်စက်ရုံက ထုတ်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

၉၆ ရာခိုင်နှုန်း ပြီးစီး၍ Machine Shop (2)မှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ Machine Shop အလုပ်ရုံများ၌ တပ်ဆင်ရမည့် စက် ၁၇လုံးအနက် လေးလုံး တပ်ဆင်ပြီးဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာစက်မှုဇုန် သံရည်ကျိုစက်ရုံ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငယ်အတွက် ဓာတ်ငွေ့အိုး၊ အင်ဂျင်၊ ဂီယာဘောက်စ်၊ ဂျိုင်းအုံ စသည့် ပြည်ပမှ မှာယူထားသည့် စက်ပစ္စည်း အစိတ်အပိုင်းများကို လည်းကောင်း၊ စက်ရုံက ထုတ်လုပ်သည့် စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆိုင်ကယ်ဝန်တင်ယာဉ်

ထို့နောက်ဆိုင်ကယ်ဝန်တင်ယာဉ်ငယ်များ ထုတ်လုပ်ထားမှုများကို လုပ်သည့် ယာဉ်သုံးတန်၊ ကုန်သုံးတန်ရှိ မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ အားပေးမှာကြားသည်။

ထိုမှတစ်ဆင့် မန္တလေးစက်မှုဇုန် ကနောင်ခန်းမသို့ သွားရောက်ကြပြီး မန္တလေးစက်မှုဇုန် ကြီးကြပ်ရေး ကော်မတီဝင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က မန္တလေးစက်မှုဇုန်တွင် ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေမှု၊ ခေတ်မီ သံရည်ကျိုစက်ရုံ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခေတ်မီသံရည်ကျိုစက်ရုံ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ဒါရိုက်တာအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ခေတ်မီသံရည်ကျိုစက်ရုံလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ လိုအပ်သော ကုန်ကြမ်းများ ဝယ်ယူစုဆောင်းရေး၊ ရှယ်ယာအရင်းအနှီး ပိုမို စုဆောင်းရေး၊ ထုတ်လုပ်မည့် စက်ပစ္စည်းကိရိယာများအတွက် ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေးတို့အတွက်



ထမံသီရေအားလျှပ်စစ်စီမံကိ

စုစုပေါင်း လျှပ်စစ်ဓာတ်အား

တက်တက်ကြွကြွ ကြံစည်စဉ်းစား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ ပံ့ပိုးကူညီစောင့်ရှောက်မှုအပေါ် တစ်ဖက်သတ် မှီခိုနေ၍ မဖြစ်ဘဲ ကိုယ့်လက်ကိုယ့်ခြေဖြင့် ပိုင်ပိုင်နိုင်နိုင် လွတ်လွတ်လပ်လပ် တွေးခေါ် လုပ်ကိုင်ရန်လိုကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ကျွမ်းကျင်မှုအရ၊အရင်းအနှီးအရ၊ ညီညွတ်မှုအရ လုပ်ငန်းများ တိုးတက်အောင်မြင်ရန် အလားအလာရှိပြီး ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဟုမ္မလင်းရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇွန် ၇ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှစစ်ကိုင်းတိုင်းဟုမ္မလင်းမြို့ ဟုမ္မလင်းလေဆိပ်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ် ကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် လေဆိပ် ဧည့်ခန်းမ၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၀)မှ အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးကားလမ်းတိုးချဲ့ မွမ်းမံ ပြုပြင်မှု၊ သွားလာနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ရာသီမရွေးသွားလာနိုင်ရေး

သက္ကယ်ကျင်း – ဖောင်းပြင် – ဟုမ္မလင်း – ခန္တီးကားလမ်းမှာ မိုင်၃၃၀ ရှိပြီး ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းချဲ့ခြင်း၊ တံတားဆောက်ခြင်းလုပ်ငန်းများကို လမ်းတံတားအထူးအဖွဲ့ ၁၀က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် တိုင်းမှူး လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းမြို့နယ် တနုံးကျေးရွာအနီးသို့ရောက်ရှိကြသည်။

၆၅ မိုင်ခ

ဆိုင်ကယ် ဝန်

အစား CNG သ

ရန် ဓာတ်ငွေ့အိုး

သဘာဝဓာတ်ငွေ့

ခရီးရောက်ကြော

ရေအားလျှပ်စစ်စီမံကိန်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါ
း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ထုတ်လုပ်နိုင်မည့် စီမံကိန်းကြီးဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟုမ္မလင်းမြို့နယ်တဖုံးကျေးရွာအနီးချင်းတွင်းမြစ်ကမ်းနဖူးရှုရပ်မှ ချင်းတွင်းမြစ်နှင့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ပတ်ဝန်းကျင်နေရာတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဟုမ္မလင်းမြို့နယ်တဖုံးကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းနဖူး ယာယီရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထမံသီ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဗိုလ်မှူးချုပ် ကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် လေဆိပ် ဧည့်ခန်းမ၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၀)မှ အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးကားလမ်းတိုးချဲ့ မွမ်းမံ ပြုပြင်မှု၊ သွားလာနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။



ရာသီမရွေးသွားလာနိုင်ရေး

သက္ကယ်ကျင်း - ဖောင်းပြင် - ဟုမ္မလင်း-ခန္တီးကားလမ်းမှာ မိုင်၃၃၀ ရှိပြီး ရာသီမရွေး ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းချဲ့ခြင်း၊ တံတားဆောက်ခြင်းလုပ်ငန်းများကို လမ်းတံတားအထူးအဖွဲ့ ၁၀က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် တိုင်းမှူး လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းမြို့နယ် တဖုံးကျေးရွာအနီးသို့ရောက်ရှိကြသည်။

ထမံသီရေအားလျှပ်စစ်စီမံကိန်း

ထို့နောက် တဖုံးကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းနဖူး ယာယီရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ထမံသီရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပဏာမ စူးစမ်းလေ့လာတိုင်းတာခဲ့မှုများ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရေးဦးစွာ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ချင်းတွင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းအရ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်သွားနိုင်မည့်အနေအထားကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စီမံကိန်းအတွက် စက်ယန္တရားများလိုအပ်မှုနှင့် အတိုင်ပင်ခံအဖွဲ့ထားရှိ ဆောင်ရွက်လိုသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေတို့က နယ်မြေဒေသ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ပြီးစီးမှုကိုတွေ့ရစဉ်။ (သတင်းစဉ်)

အရေးပါသောစီမံကိန်း

ထို့နောက် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့်ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က တည်ဆောက်ရေးပိုင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မေးမြန်းဆွေးနွေးပြီး ထမံသီရေအားလျှပ်စစ်စီမံကိန်းမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ချင်းတွင်းမြစ်ဝှမ်း စီမံကိန်းတစ်ခုဖြစ်သည့်အပြင်လောလောဆယ်အခြေအနေအရ နိုင်ငံတော်၌ အကောင်အထည်ဖော်နေသည့် စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီးဖြစ်ကြောင်း။

တပ်ဆင်

မဂ္ဂါဝပ် ၁၂၀စီ ထုတ်လုပ်နိုင်သောစက် ၁၀လုံးတပ်ဆင်မည်ဖြစ်ရာ စုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ထုတ်လုပ်နိုင်မည့် စီမံကိန်းကြီးဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

၆၅ မိုင်ခန့် ခရီးရောက်

ဆိုင်ကယ် ဝန်တင်ယာဉ်ငယ်များ၌ ဓာတ်ဆီအစား CNG သဘာဝဓာတ်ငွေ့ဖြင့်မောင်းနှင်နိုင်ရန် ဓာတ်ငွေ့အိုးကို စနစ်တကျ တပ်ဆင်ထားပြီး သဘာဝဓာတ်ငွေ့တစ်ကြိမ်ထည့်လျှင် ၆၅ မိုင်ခန့် ခရီးရောက်ကြောင်း သိရှိရ။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာစက်မှုဇုန် ရှင်းလင်းဆောင်၌ စက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၉မှ

စီမံကိန်းလုပ်ငန်းမှာချင်းတွင်းမြစ်ဝှမ်းအပေါ်ပိုင်း၌ ချင်းတွင်းမြစ်ရေကို ထိန်းသိမ်းသိုလှောင် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်၍ ထုထည်ပမာဏကြီးမားသည့်အလျောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် သွားရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို မေးမြန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တန့်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဟန်သက်တင်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်နှင့် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ပတ်ဝန်းကျင်နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မဂ္ဂါဝပ် ၁၂၀၀ထုတ်လုပ်နိုင်မည်

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် တန့်ကျေးရွာအနီး ဟုမ္မလင်းမြို့၏ မြောက်ဘက်မိုင် ၇၀ခန့်အကွာ ချင်းတွင်းမြစ်ပေါ်၌ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ထုတ်ယူရရှိနိုင်မည့် စီမံကိန်းကြီးဖြစ်သည်။

အလျားပေ ၇၇၀၀ ကျော်၊ အမြင့် ၃၄၈ ပေခန့်ရှိမည့် ပင်မတမံဖြင့် ချင်းတွင်းမြစ်ကို ဖြတ်ကျော် တည်ဆောက်၍ ချင်းတွင်းမြစ်ရေကို ထိန်းသိမ်းပြီး စက် ၁၀လုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား ထုတ်ပေးသွားမည် ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟုမ္မလင်းမြို့ အားကစားခန်းမ၌ မြို့နယ် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းအရ ချင်းတွင်းမြစ်ရေကို အဆင့်ဆင့် ထိန်းသိမ်းသုံးစွဲသွားမည့် စီမံကိန်းများမှာ ထမံသီစီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေး စီမံကိန်းတို့ဖြစ်ပြီး ယင်းစီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ကွန်ရက်စနစ်တစ်ခု ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာမည့်အပြင် စိုက်ပျိုးရေ ပေးဝေခြင်း၊ ချင်းတွင်းမြစ်ရေကြောင်း သွားလာရေး ပိုမိုတိုးတက်ကောင်းမွန်ခြင်း၊ ဧရာဝတီမြစ်ရေကြောင်း ဖွံ့ဖြိုးရေး တိုးတက်ကောင်းမွန်ခြင်း စသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ရလဒ်ကောင်းများ

ချင်းတွင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေးစီမံကိန်းအရ ချင်းတွင်းမြစ်ရေကို အဆင့်ဆင့် ထိန်းသိမ်းသုံးစွဲသွားမည့် စီမံကိန်းများမှာ ထမံသီစီမံကိန်း၊ မော်လိုက်စီမံကိန်း၊ ရွှေစာရေး စီမံကိန်းတို့ဖြစ်ပြီး ယင်းစီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော်ပြီးစီးပါက လျှပ်စစ်ဓာတ်အား ကွန်ရက် စနစ်တစ်ခု ခိုင်ခိုင်မာမာ ဖြစ်ပေါ်လာမည့်အပြင် စိုက်ပျိုးရေ ပေးဝေခြင်း၊ ချင်းတွင်းမြစ်ရေကြောင်း သွားလာရေး ပိုမိုတိုးတက်ကောင်းမွန်ခြင်း၊ ဧရာဝတီမြစ်ရေကြောင်း ဖွံ့ဖြိုးရေး တိုးတက်ကောင်းမွန်ခြင်းစသည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။

ယခုအခါ တန့်ကျေးရွာအနီး၌ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကြီးကို အကောင်အထည်ဖော်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ရှေးဦးစွာ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမြင့်က စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၏ မှာကြားမှုများနှင့်အညီ ဆေးရုံအခန်း ဖွဲ့စည်းပုံများ ပြင်ဆင်သွားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

မြို့မိမြို့ဖများနှင့်တွေ့ဆုံ

ဆက်လက်၍ ဟုမ္မလင်းမြို့ အားကစားခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုများနှင့် ဒေသ ဆန်၊ ဆီ ဖူလုံပိုလျှံမှု၊ မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ရော်ဘာ စမ်းသပ်စိုက်ပျိုးမှုနှင့် အောင်မြင်ဖြစ်ထွန်းမှု၊ ရော်ဘာ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် ထမံသီ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းစီစဉ် ဆောင်ရွက်ပေးနိုင်ရန် ဤဒေသသို့ မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သည့်အပြင် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုသွားစေမှာ ဖြစ်ကြောင်း။

ရော်ဘာဖြစ်ထွန်း

ဟုမ္မလင်းမြို့နယ်၌ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည်ကို တင်ပြချက်များအရ သိရှိရပြီးဖြစ်ကြောင်း၊ ရော်ဘာသည် နိုင်ငံတကာ ဈေးကွက်တွင် ထာဝစဉ်မျက်နှာပန်းလှလျက်ရှိရာ ဟုမ္မလင်းဒေသတစ်ခုလုံး ရော်ဘာတစ်အုပ်တစ်မ စိုက်ပျိုးဖြစ်ထွန်းအောင် ကြိုးပမ်းသွားရန် လိုကြောင်း၊ ထို့ပြင် ဤဒေသ၌ လက်ဖက်လည်း စိုက်ပျိုးဖြစ်ထွန်းရာ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး လုပ်ကိုင်သွားရန်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးတို့ကို အမြဲအားထုတ်ဆောင်ရွက်နေမည်ဖြစ်ရာ ပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့်အတူ တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်းဖြင့် မှာကြားပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

တွေ့ဆုံပွဲအပြီးတွင် ဟုမ္မလင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ရဟတ်ယာဉ်ဖြင့် မော်လိုက်မြို့နယ် ပန်းသာကျေးရွာသို့ ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဌေးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✡



နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မုံရွာမြို့ မြို့တော်ခန်းမ၌ မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့် ဆီဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော် ဩဝါဒါစရိယ မဟာဇောတိကာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စက်များကို စွမ်းအားပြည့်အသုံးချ စက်ပစ္စည်းမျိုးစုံ အရည်အသွေးရှိရှိ ထုတ်လုပ်

✡ စာမျက်နှာ ၁၀မှ

ယင်းနောက် ကျေးရွာအနီးရှိ ယာယီရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ပန်းသာကျေးရွာအနီး ချင်းတွင်းမြစ်နှင့် ဥယုမြစ်ဆုံ အောက်ဘက် ချင်းတွင်းမြစ်ပေါ်၌ မော်လိုက်ရေလှောင်တမံ ဘက်စုံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ထမံသီ စီမံကိန်း၏ အောက်ဘက်၌ တည်ဆောက်မည့် မော်လိုက်စီမံကိန်းနှင့် စပ်လျဉ်းသည့် လေ့လာတိုင်းတာမှုများကို ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၄) ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က စီမံကိန်း အကောင်အထည်ဖော်သွားရန် ရွေးချယ်ထားသည့် နေရာအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းပြီး မော်လိုက်ရေလှောင်တမံ ဘက်စုံ စီမံကိန်းတည်ဆောက်အကောင်အထည်ဖော်မည့်နေရာကို ကြည့်ရှုသည်။

အနာဂတ်လျှပ်စစ်ဖွံ့ဖြိုးရေး

မော်လိုက်ရေလှောင်တမံ ဘက်စုံ စီမံကိန်းမှာ ချင်းတွင်းမြစ်ဝှမ်း ဖွံ့ဖြိုးရေး စီမံကိန်းအရ ထမံသီ စီမံကိန်း၏ အောက်ဘက် မော်လိုက်မြို့အနီး၌ တည်ဆောက်သွားမည့် နိုင်ငံတော်၏ အနာဂတ် လျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပြီး အသေးစိတ် လေ့လာတိုင်းတာမှုများကို ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖျင်းအားဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀၀ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်လိုက်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မုံရွာမြို့ မုံရွာစက်မှုဇုန်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ စက်မှုလက်မှုလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ထို့နောက် သံရည်ကျိုစက်ရုံနှင့် အကြီးစားစက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများအနက် Machine Shop အလုပ်ရုံကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက အလုပ်ရုံ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ ရောက်ရှိမှု၊ တပ်ဆင်ပြီးစီးမှု အခြေအနေများကို လှည့်လည် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အလုပ်ရုံက ထုတ်လုပ်ပေးရန် အစိုးရဌာနများ၊ ပုဂ္ဂလိကများက အပ်နှံထားသည့် စက်ပစ္စည်းနမူနာများကို ရှင်းလင်းပြသကြသည်။

ထို့နောက် Ware House ဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း၊ Forging Shop အလုပ်ရုံ ပြီးစီးမှုနှင့် စက်ပစ္စည်းများရောက်ရှိ တပ်ဆင်ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Foundry Shop အလုပ်ရုံနှင့် စက်ပစ္စည်းများ နေရာချထားပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် ရှင်းလင်းဆောင်၌ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဝင်များ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် မုံရွာစက်မှုဇုန်၌ ခေတ်မီ သံရည်ကျိုစက်ရုံ ဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်အစိုးရက လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ပြုပေးပြီးဖြစ်ကြောင်း၊ စက်တပ်ဆင်ပြီးစီးမှုနှင့် စက်ပစ္စည်းများနေရာချထားမှုအရ၊ မုံရွာစက်မှုဇုန် အခြေအနေမှာ တိုးတက်ကောင်းမွန်သည်ဟု သုံးသပ်ရရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တွန်းအားပေး ကူညီစောင့်ရှောက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုဇုန်မှ တာဝန်ရှိသူများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များအနေဖြင့် မိမိတို့စက်မှုဇုန် ခေတ်မီသံရည်ကျိုစက်ရုံ လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင် အစစ ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း၊ တပ်ဆင်ထားသောစက်များကို စွမ်းအားပြည့် အသုံးချပြီး အပ်ထည်များရော၊ ဈေးကွက်ဝင် စက်ပစ္စည်းမျိုးစုံကိုပါ အရည်အသွေးရှိရှိ ထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

တွန်းအားပေးလုပ်ကိုင်

တစ်ဖက်မှလည်း ငွေကြေးအရင်းအနှီး တိုးချဲ့ရရှိရေး၊ ရှယ်ယာဝင်များ တိုးပွားလာရေး၊ စည်းမျဉ်းစည်းကမ်း ကျနရေးတို့ကို တွန်းအားပေး လုပ်ကိုင်သွားရန်လိုကြောင်း။

ယခုလက်ရှိ ခေတ်မီစက်ကိရိယာလောက်ဖြင့်ပင် အားရတင်းတိမ်နေ၍ မဖြစ်ဘဲ အလိုအလျောက် စက်ကိရိယာများ တိုးချဲ့တပ်ဆင်နိုင်အောင်၊ အနုစိတ် စက်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် တစ်နည်းအားဖြင့် အီလက်ထရောနစ် စက်ကိရိယာများ သုံးစွဲသည့်အဆင့်အထိ အဆင့်အတန်းမြှင့်နိုင်အောင် ရည်မှန်းချက် မြင့်မြင့်မားမားထားရန် လိုကြောင်း။

ကျွမ်းကျွမ်းကျင်ကျင်ကိုင်တွယ်

ထို့ကြောင့် စက်ရုံအလုပ်ရုံအလိုက် တပ်ဆင်ထားသော စက်များကို ယခုကတည်းကပင် ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ် အသုံးပြုနိုင်စွမ်းရှိနေရန် အရေးကြီးကြောင်း။

ကျွမ်းကျင်ပညာရှင်များ စဉ်ဆက်မပြတ် ရရှိရေးအတွက် ဒေသအတွင်းရှိ နည်းပညာကောလိပ်များနှင့် စက်မှုဇုန်လုပ်ငန်းများ ဆက်စပ်ဆောင်ရွက်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

မုံရွာစက်မှုဇုန်၏ သံရည်ကျိုစက်ရုံနှင့်အကြီးစားစက်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံ စီမံကိန်းတွင် ပါဝင်သည့် စက်ရုံအလုပ်ရုံများမှာ တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး Machine Shop အလုပ်ရုံ၌ တပ်ဆင်ရမည့် စက် ၃၁လုံး အနက် ၁၈လုံး တပ်ဆင်ပြီးဖြစ်၍ အပ်ထည်ပစ္စည်းများကို လက်ခံထုတ်လုပ်လျက်ရှိသည်။

Foundry Shop အလုပ်ရုံ၌ စက်တပ်ဆင်ပြီးစီးမှု ၇၇ရာခိုင်နှုန်း၊ Forging Shop အလုပ်ရုံ၌ စက်တပ်ဆင်ပြီးစီးမှု ၇၈ရာခိုင်နှုန်း တပ်ဆင်ပြီးစီးနေပြီဖြစ်ရာ ဇွန်လကုန်၊ ဇူလိုင် လဆန်းမှစ၍ အပ်ကုန်ပစ္စည်းများရော၊ အခြားစက်မှုပစ္စည်းများကိုပါ ထုတ်လုပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၇နာရီ ၁၅မိနစ်တွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်နှင့်ဆီ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် ဩဝါဒါစရိယ မဟာဇောတိကာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်ဩဝါဒါစရိယ အသောကာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂပဏ္ဍိတအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပရိယတ္တိစာသင်တိုက် အသီးသီးမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်နှင့် ဆီများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးနှင့်ဘာသာရေး အသင်းဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သာသနာ့ ဗိမာန်တော်

စစ်ကိုင်းတိုင်း မုံရွာမြို့ ရွှေစည်းခုံဘုရားပရိဝုဏ်အတွင်း တည်ဆောက်လျက်ရှိသည့် သာသနာ့ဗိမာန်တော်ကြီးအား တွေ့ရစဉ်။ (သတင်းစဉ်)

သာသနာ့ဗိမာန်တော်ကြည့်ရှု

အခမ်းအနားအပြီးတွင် မုံရွာမြို့ ရွှေစည်းခုံဘုရား ပရိဝုဏ်အတွင်း တည်ဆောက်လျက်ရှိသည့် သာသနာ့ဗိမာန်တော်ကြီးပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အလှူရှင် တင်ဝင်းထွန်းကုမ္ပဏီဥက္ကဋ္ဌ ဦးတင်ဝင်းက ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသသည်။

အဆိုပါ မုံရွာမြို့ သာသနာ့ ဗိမာန်တော်ကြီးကို အလှူရှင် ဦးတင်ဝင်း-ဒေါ်ခင်ဆွေဝင်းနှင့် တင်ဝင်းထွန်းကုမ္ပဏီမိသားစုက ဆောက်လုပ်လှူဒါန်းနေခြင်းဖြစ်ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့် အတူ မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်း ခရီးစဉ်အတွင်း မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား မန္တလေးမြို့နှင့် မုံရွာမြို့များရှိ သက်ဆိုင်ရာ တိုင်းအသင်းရုံးများ၌ တွေ့ဆုံ၍ စည်းရုံးရေးဆိုင်ရာများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တက်တက်ကြွကြွ ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မုံရွာမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၆-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ လမူးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၃၅ ၈။ **"အမွန်မြတ်ဆုံးလက်ဆောင်" (နေရဲလင်း၊နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ) [ဒါရိုက်တာ-မောင်မောင်မြင့်]**
- ၅:၅၅ ၉။ တေးဂီတအစီအစဉ်
- ၆:၁၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ" (အပိုင်း ၃၇)**
- ၇:၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "အဖေ့လက်ဖွဲ့" (ကျော်ဟိန်း၊ ခန့်စည်သူ၊ မျိုးစန္ဒီကျော်၊ နဝရတ်) [ဒါရိုက်တာ-ခင်မောင်ဦး] စိုးသိမ်းထွန်း)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့တော်ရေပေးဝေရေးဆိုင်ရာလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်တို့သို့ ဆက်သွယ်ဖောက်လုပ်ထားရှိသည့် မောင်းမကန်ကမ်းသာလမ်းနှင့် ရန်ကုန်မြို့တော် ရေပေးဝေရေးဆိုင်ရာ လုပ်ငန်းအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်သည် နံနက် ၈နာရီတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပင်လုံလမ်းနှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၂) လမ်းမကြီးသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းအရှည်ပေ ၆၄၅၀၊ အကျယ် ၄၈ ပေရှိ မောင်းမကန်ကမ်းသာလမ်းသို့ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယမြို့တော်ဝန်သည် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းခွင် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ ကော်မတီဝင် ဗိုလ်မှူးကြီး ကျော်စိုးနှင့် စီမံကိန်းလုပ်ငန်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယမြို့တော်ဝန်အား စီမံကိန်းရှင်းလင်းဆောင်၌ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်နှင့် ရာပြတ်ဌာန ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်းတို့က လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြရာ ဒုတိယမြို့တော်ဝန်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ ရေကူး ရေတွန်းစက်ရုံသို့ ရောက်ရှိပြီး သောက်သုံးရေ ကျန်းမာရေးနှင့် ညီညွတ်စေရန် ထည့်သွင်းအသုံးပြုမည့် အိမ်သုံးဆားမှထုတ်လုပ်သော ကလိုရင်းထုတ်လုပ်ရန် စက်များတပ်ဆင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ (၁၉)

ဝန်ကြီး ဦးစိုးသာအား တရုတ်ဒုတိယဝန်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ရန်ကုန်မြို့တွင် ကျင်းပမည့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ကျွမ်းကျင်မှု အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲ ကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအန်မင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၆ ရက် နံနက် ၉နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာနတွင် လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဂျင်ဂျန်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကျန်စစ်မင်းဇာတ်ကား ရုံလေးရုံ၌ ဆက်လက်ရုံတင် ရွှေကြက်ဖရုပ်ရှင် ထူးချွန်ဆုရဇာတ်ကားများ ပြသ

ရန်ကုန် ဇွန် ၈

ယခုသောကြာပတ်တွင် မြန်မာရုပ်ရှင် ဇာတ်ကားသစ်များ ရုံတင်ပြသခြင်းမရှိဘဲ ပြသဆဲဇာတ်ကားများသာ ဆက်လက်ပြသမည်ဖြစ်သည်။ ကျန်စစ်မင်းဇာတ်ကားမှာ ပရိသတ်အားပေးမှု ရရှိနေဆဲဖြစ်ပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများအပြင် နဝဒေးရုပ်ရှင်ဥယျာဉ်တွင်ပါ ဆက်လက် ပြသသွားမည်ဖြစ်သည်။

ဒါရိုက်တာအဖြစ် သရုပ်ဆောင်မင်းသား လူမင်းကိုယ်တိုင် ရိုက်ကူးသရုပ်ဆောင်ထားသည့် ပုဂံခေတ်သမိုင်း နောက်ခံ ကျန်စစ်မင်းဇာတ်ကားမှာ ရှားပါးသော သမိုင်းဇာတ်ကားတစ်ကား ဖြစ်သည်။



ချစ်ခြင်းငယ်ပြိုင် ဇာတ်ကားမှ ရန်အောင်၊ ကျော်သူနှင့် စိုးမြတ်နန္ဒာ။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် မင်းသားလူမင်းအပြင် မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွန်းနှင့် ညွန့်ဝင်းတို့ ပါဝင်ကြသည်။

ချစ်ခြင်းငယ်ပြိုင်

မြသရဖူ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒေါက်တာမြမြဝင်း၏ ဝတ္ထုကို အကယ်ဒမီ ကိုကိုလေးဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာအကယ်ဒမီ ကြည်စိုးထွန်းနှင့် တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးတို့ရိုက်ကူးသည့် **ချစ်ခြင်းငယ်ပြိုင်** ရုပ်ရှင်ကားသစ်သည် ဇွန်၁၇ရက် သောကြာနေ့တွင် ရုံတင်ပြသမည်ဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ရန်အောင်၊ ကျော်သူ၊ မေသန်းနု၊ စိုးမြတ်နန္ဒာနှင့် ရွှေသွေးတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။

ကျန်စစ်မင်း ဇာတ်ကားမှ လူမင်းနှင့် ပန်းဖြူ။

ကျန်စစ်မင်းဇာတ်ကား ဩစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် ပြသစဉ် လူမင်းအား ရုပ်ရှင်ကြည့်ပရိသတ်များက ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

ယခင်သောကြာပတ်က နေပြည်တော်ရုံတွင် ပြသခဲ့သည့် ဇာတ်ညွှန်း ဒါရိုက်တာနှင့် သရုပ်ဆောင် Stephen Chow ရေးသားရိုက်ကူးသရုပ် ဆောင်ထားသည့် Kung Fu Hustle ဇာတ်ကားသည် ယခုသောကြာပတ်၌ ရွှေ့ဆောင်ရုံတွင် ပြသမည်ဖြစ်သည်။

ရာဇဝတ်မှု ကျူးလွန်ကြသူများအား ဥပဒေဘက်တော်သား ပြည်သူများက ကွန်ဖူးကိုယ်ခံပညာဖြင့် နှိမ်နင်းကြပုံကို ကွန်ဖူးပညာရှင်များဖြင့် ပါဝင်ရိုက်ကူးပြသထားသည့် လှုပ်ရှားမှုအသားပေး ဇာတ်ကားဖြစ်သည်။

ထူးချွန်ဆုရ ဇာတ်ကား

နေပြည်တော် အဆင့်မြင့် ရုပ်ရှင်ရုံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေကြက်ဖရုပ်ရှင် ထူးချွန်ဆုရဇာတ်ကားများကို ဇွန် ၉ ရက်မှ စ၍ နေ့စဉ်ပြသမည်ဖြစ်ရာ ဇွန် ၉ ရက်တွင် Cell Phone ဇာတ်ကား၊ ဇွန် ၁၀ ရက်တွင် Together with You ဇာတ်ကား၊ ဇွန် ၁၁ ရက်တွင် Pretty Big Feet ဇာတ်ကားနှင့် ဇွန် ၁၂ ရက်တွင် Warrior of Heaven and Earth ဇာတ်ကားများကို တစ်နေ့ ငါးပွဲပြသမည်ဖြစ်သည်။ ပြသမည့်အချိန်များမှာ နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲနှင့် ည ၉ နာရီခွဲတို့ဖြစ်သည်။ (ကြေးမုံ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၈

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်က အထက (၄) ကျောင်းခန်းမဆောင်တွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဆွေတို့တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြမြစန်းက ပညာပေးဟောပြောသည်။ ဆက်လက်၍ ဆေးလိပ်နှင့် ကွမ်းသုံးစွဲသဖြင့် သွားနှင့်ခံတွင်းတွင်ဖြစ်တတ်သည့် ဆိုးကျိုးများအကြောင်းကို ဒေါက်တာဒေါ်သင်းသင်းအေးက ရှင်းလင်းဟောပြောသည်။ အခမ်းအနားအပြီးတွင် မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာဒေါ်မြမြစန်းအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ **(အောက်ပုံ)** (၃၂)

အင်အားပြင်း မြေငလျင်လှုပ်

ရန်ကုန် ဇွန် ၈

၂၀၀၅ ခုနှစ် ဇွန် ၈ရက် ယနေ့ မြန်မာစံတော်ချိန် ၁၃ နာရီ ၀၅ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ ခန့်ကွာဝေးသော အင်ဒိုနီးရှားနိုင်ငံ ဗန်ဒါအာချေးမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အလုံအေးရှားဝေါလ် ဆိပ်ကမ်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အလုံအေးရှားဝေါလ်ဆိပ်ကမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် အလုံအေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေ၊ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ဆိပ်ကမ်း၌ ကုန်သေတ္တာများထားရှိမှု၊ စက်ယန္တရားများသုံးစွဲမှု၊ ဆိပ်ကမ်းဝန်းကျင် ရေလမ်းကြောင်းအခြေအနေ၊ သင်္ဘောကြီးများ ဝင်ထွက်ဆိုက်ကပ်မှုအခြေအနေနှင့် ကုန်ပစ္စည်းများ တင်ချမှုအခြေအနေတို့ကို ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးသည် ဆိပ်ကမ်းအတွင်းလိုက်လံကြည့်ရှုစစ်ဆေးပြီးဆိပ်ခံတံတားအမှတ်(၃)၌ ဆိုက်ကပ်ထားသော မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် စစ်ကိုင်းသင်္ဘောပေါ်သို့ ကျွန်းသစ်များ တင်ဆောင်နေမှုနှင့် သံချောင်းများ သင်္ဘောပေါ်မှ ချနေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထီးတန်းဆိပ်ကမ်းသို့ ရောက်ရှိပြီး ဆိပ်ကမ်းနှင့် ဆိပ်ကမ်းအတွင်းရှိ သိုလှောင်ရုံများ အခြေအနေကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ထုံးရွာသင်္ဘောကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ဆိပ်ကမ်းသာယာလှပရေးနှင့် ဆိပ်ကမ်းလုံခြုံရေး၊ကုန်ပစ္စည်းများတင်ချရာတွင် ကြန့်ကြာမှု မရှိဘဲ လျင်မြန် သွက်လက်စေရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး စသည်တို့ကို ဦးစားပေးဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

စာပေဗိမာန်ပြည်သူ့လက်စွဲ စာအုပ်များဖြန့်ချိ

ရန်ကုန် ဇွန် ၈

ပြည်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်ခြောက်မျိုးကို ယနေ့ဖြန့်ချိရောင်းချသည်။

စာပေဗိမာန်စာမူဆုရ

အဆိုပါစာအုပ်များမှာ အရှင်အာဒိစ္စဝံသ တောင်ပေါ်ကျောင်း ဆားလင်းကြီးမြို့ဆရာတော်၏ ဗုဒ္ဓသာသနာ သမိုင်းစာအုပ်၊ ၂၀၀၁ခုနှစ် စာပေဗိမာန်စာမူပထမဆုရ စာအုပ်ဖြစ်သည့် မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုရ မုံရွာတိုးဝေ (ပန်းရန်)၏ မြန်မာ့ရိုးရာ ပန်းရန်ပန်းတော့ပညာစာအုပ်၊ ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်များဖြစ်သည့် ဝတ္ထုတိုပေါင်းချုပ်ပထမဆုရ အောင်သူရိန်(ပုလဲ)၏ မေတ္တာခိုင်မြဲသတ္တိဖွဲ့ နှင့် အခြားဝတ္ထုတိုများ စာအုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ ပန်းချီလှတင်ထွန်း၏ မြန်မာပန်းချီရေစီးကြောင်းစာအုပ်၊ ကဗျာပေါင်းချုပ်ဆုရသည့် မောင်သက်နှင်း (မ/ဥ)၏ အလင်္ကာပုလဲပန်းကဗျာစုနှင့် ဇာနည်၏ သစ္စာရိပ်မြုံ ပန်းမှုန်နံ့လှိုင်ကဗျာများ စာအုပ်တို့ဖြစ်သည်။

ဝယ်ယူနိုင်

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်) ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပုံညာတောင်ဥမင် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း၊ ပုံညာတောင်ဥမင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဇွန် ၃ ရက် ညနေပိုင်းတွင် ရောက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်က ဇွန် ၄ရက် နံနက်ပိုင်းတွင် စီမံကိန်းရှင်းလင်းဆောင်၌ ပုံညာတောင်ဥမင် ဖောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဥမင်အတွင်း ကျောက်သားများ မိုင်းခွဲဖယ်ရှားခြင်းနှင့် သံကူကွန်ကရစ်လောင်းခြင်း၊ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဥမင်အဝင် လမ်းများအတွက် မြေကြီးလုပ်ငန်း၊ တံတားလုပ်ငန်းနှင့် သံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ ပစ္စည်းရရှိမှု၊ အသုံးပြုလျက်ရှိသော ယန္တရားတို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖေသန်းက ပစ္စည်းပြတ်လပ်မှု မရှိစေရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေနှင့် လုပ်ငန်းအမြန်ပြီးစီးရေးအတွက် လုပ်ငန်းလျာထားချက်အလိုက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံတို့ကို တင်ပြသည်။

အကျိုးပြု

ဝန်ကြီးက လုပ်ငန်းတွင်ကျယ်စေရန်အတွက် အဆိုင်းလိုက် ကြပ်မတ်ဆောင်ရွက်ရေး၊ ဥမင်အတွင်း လေကောင်းလေသန့်ရရှိနေအောင် စနစ်တကျစီမံဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းအောင် ဂရုပြုဆောင်ရွက်ရေး၊ ဥမင်အဝင်လမ်းများတွင် မြေသားလုပ်ငန်း၌ တံတားလုပ်ငန်းများကို စံချိန်မီ ခိုင်ခံ့မှုရှိအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းများ ပြီးစီးသွားပါက ပခုက္ကူ-ဂန့်ဂေါ-ကလေး တစ်ဆက်တည်း သွားနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများအတွက် အလွန်အကျိုးပြုမည်ဖြစ်၍ ဝန်ထမ်းအားလုံး တက်ညီ လက်ညီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

စစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဥမင်အနောက်ဘက်ခြမ်း အဝင်လမ်း၌ ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်မှုကို လည်းကောင်း၊ ချစ်ဆုံချောင်း၌ ၁၅ ပေ နှစ်ခန်းတွဲ အမိုးပိတ်တံတား တည်ဆောက်မှုလုပ်ငန်းကိုလည်းကောင်း၊ မျက်မြောင်ချောင်း၌ ၁၅ ပေ သုံးခန်းတွဲ အမိုးပိတ်တံတား တည်ဆောက်မှုလုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပုံညာတောင်ဥမင်၏ အနောက်ဘက်မှ အရှေ့ဘက်သို့ ဖြတ်သန်းဝင်ရောက်စစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်အရှေ့ဘက်ခြမ်း အဝင်လမ်း၌ မုံရွာ၊ ပုလဲ၊ဂန့်ဂေါကားလမ်းအပေါ်မှ ဖြတ်ကျော်တည်ဆောက်ထားသော တံတားကို လည်းကောင်း၊ မြေသားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မုန်တိုင်ချောင်း၌ ၁၅ပေ သုံးခန်းတွဲ ဥမင်ပုံတံတား တည်ဆောက်မှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပုံညာတောင် ဥမင်မှာ ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်း စီမံကိန်းအတွက် ပုံညာတောင်ကို ဖြတ်သန်းဖောက်လုပ်ခဲ့သော ဥမင်ဖြစ်ပြီး အရှည်ပေ ၅၆၁၀ရှိကာ လုပ်ငန်းအမြန်ပြီးစီးရေးအတွက် မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇွန်၆ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် အဝေရာလမ်းရှိ ဝန်ထမ်းရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ တက္ကသိုလ်များနှင့် ဦးစီးဌာနများမှ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဇန်နဝါရီလမှ ဧပြီလအထိ လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် မေလမှ ဩဂုတ်လအထိ လုပ်ငန်းဆိုင်ရာ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ အဖွဲ့ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် စင်ကာပူသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၈

စင်ကာပူသမ္မတနိုင်ငံတွင် ဇွန် ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် အာရှလုံခြုံရေးဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်၆ရက် ညနေပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကြိုဆို

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr. Jasudasen Thanbynathan တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြသည်။

ဆွေးနွေး

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် စင်ကာပူ သမ္မတနိုင်ငံတွင် ရောက်ရှိနေထိုင်စဉ် ယနေ့နံနက်ပိုင်းတွင် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်မစ္စတာပီတာဟိုးသည် ဒုတိယဝန်ကြီးအား လာရောက် တွေ့ဆုံကာ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးဌာန အတွင်းရေးမှူး သံအမတ်ကြီး ဦးညွန့်တင်လည်း ပြန်လည် လိုက်ပါလာသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ဆွေးနွေးပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၈

ဂျပန်နိုင်ငံတွင် ကျင်းပမည့် တတိယအကြိမ် အာဆီယံ-ဂျပန် ပို့ဆောင်ရေးမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲတက်ရောက်ရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ အဖွဲ့ဝင်အဖြစ် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဇွန် ၈

ဦးချမ်းမြေ့ထွန်းသည် ကစားဖော်များဖြစ်ကြသော ဦးစိုးမြင့်သိန်း၊ ဦးလွင်အေးနှင့် ဦးအောင်သိန်းဝင်း(ခ) ကျော်မင်းတို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ဂေါက်သီးရိုက်ကစားကြရာ TOUR SPECIAL (1) ဘောလုံးကို PING ZING(2) IRON (9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (ကြေးမုံ)

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေး စက်မှုဇုန်(၁)ရှိ မန္တလာလက်တွန်း ထွန်စက်စက်ရုံ CNG သဘာဝ ဓာတ်ငွေ့သုံး ဆိုင်ကယ်ဝန်တင် ယာဉ်ငယ်များ ထုတ်လုပ်ထားမှု ကို ဇွန် ၆ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ဇွန် ၈ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ သံတမန်ဆက်သွယ်မှု (၅၅)နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Li Jinjun က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြစ်ငယ်တံတား တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၆ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သော ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား (နောင်ချို) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် အပြန်ခရီးစဉ် ဇွန် ၇ရက် ညနေပိုင်းတွင် ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ် (၁/၄၂၂)မြစ်ငယ်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆောင်၌ စီမံကိန်းလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းနှစ်ဖက်နှင့် တံတားပေါ် ကွန်ကရစ် ကတ္တရာလမ်းခင်းရန် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တံတားကြီး လှပသေသပ်ကောင်းမွန်စွာပြီးစီးရေး၊ တံတားလုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို ကြိုတင်ဆောင်ရွက်ကြရန် မှာကြားပြီး ချဉ်းကပ်လမ်းနှင့် တံတား တည်ဆောက်ပြီးစီးနေမှုတို့ကို မော်တော်ယာဉ်များဖြင့် တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

မြစ်ငယ်တံတားမှာ အရှည်ပေ ၈၄၀ ရှိ၍ သံကူကွန်ကရစ် ဘိုးပိုင် အုတ်မြစ် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ သံကူကွန်ကရစ်ကြမ်းခင်း ခြောက်လမ်းသွား တံတားအမျိုးအစားဖြစ်ပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြင့်မားရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည် ရုပ်ရှင်လောကသားများကလည်း တတ်နိုင်သည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအသစ် ဖွဲ့စည်းတာဝန်ပေးအပ်မည့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ မြန်မာ့ရုပ်ရှင်လောက တိုးတက်မြင့်မားရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ရုပ်ရှင်အစည်းအရုံး အမှုဆောင်သစ်အဖြစ် တာဝန်ပေးအပ်ရန် လျာထားဖိတ်ကြားထားသော ရုပ်ရှင်ပညာရှင်များ၊ စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးမှာကြားရာတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအောက်ရှိ အလွှာအသီးသီးတို့ကို ပြန်လည်ရွေးချယ်ဖွဲ့စည်းခဲ့ရာ ယခုအခါ ပြီးမြောက်ခဲ့ကြပြီဖြစ်ရုံသာမက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုပင် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိုသို့ ပြန်လည်ဖွဲ့စည်းရခြင်းမှာလည်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ပြန်လည်ဖွဲ့စည်းရန် သင့်တင့်သည့်အချိန်အခါ ရောက်ရှိလာခြင်းကြောင့်တစ်ကြောင်း၊ ဝန်ကြီးက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များအား **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၆-၂၀၀၅

ရေး
၃၁သမ ၃၁လက်မ

ကိုကိုးကျွန်း
၂၁သမ ၆၈လက်မ

ကော့သောင်း
၂၁သမ ၅၆လက်မ

ထားဝယ်
၂၁သမ ၅၂လက်မ

မင်းဘူးနှင့် မြိတ်
၂၁သမ ၂၀လက်မ

မိုးကုတ်
၂၁သမ ၁၇လက်မ

ပဲခူး
၁၁သမ ၉၇လက်မ